# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် ဝေါမြို့နယ် ရန်ကုန်-မော်လမြိုင်လမ်းပေါ်ရှိ အဖျားတံတား



ဝေါမြို့နယ် ရန်ကုန် - မော်လမြိုင်ကားလမ်းပေါ်ရှိ အဖျားတံတားကို တွေ့ရစဉ်။

**ဝေါ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရန်ကုန် - မော်လမြိုင်ကားလမ်း မိုင်တိုင်(၇၅/၀- ၇၅/၁)အကြားရှိ အဖျားတံတားကို ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါအဖျားတံတားသည် ယခင်က စစ်တောင်းတူးမြောင်း လက်တက် ဆည်မြောင်းရေလွှဲပေါက်ပေါ်တွင် တည်ဆောက်ထားသည့် တံတားဖြစ်ပြီး အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်ကြီးများ နေ့/ညမပြတ် ဖြတ်သန်းသွားလာမှုကြောင့် ပျက်စီးလာသဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့အပြန် လမ်းတံတားအဖြစ် အသုံးပြုနိုင်စေရန် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ တံတားများ တည်ဆောက်ပေးခြင်းကြောင့် ရန်ကုန်မြို့မှတစ်ဆင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❍



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်းများပြပွဲ ပထမဆုံးအကြိမ် ကျင်းပလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန် ၂၉ ဇုန်မှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများပြပွဲကို ဒီဇင်ဘာ ၁၅ ရက်က စပြီး ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ပထမဆုံး ကျင်းပလျက်ရှိရာ (အပေါ်ပုံ) ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအကြား တစ်ဦးနှင့်တစ်ဦး စီးပွားရေးကုန်သွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပတာလည်းဖြစ်သလို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ခုရဲ့ ထုတ်ကုန်ပစ္စည်းပြပွဲအနေနဲ့ ပထမဆုံးကျင်းပတာပါ။ စက်မှုလုပ်ငန်းတွေအနေနဲ့ ပြည်ပကဝယ်ယူတဲ့

*စာမျက်နှာ ၅ ကော်လံ ၃* ❖


**ယနေ့ ဖတ် စ ရာ**

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ် ၅၀ ရွှေရတုခရီး — ဆောင်းပါး | စာ - ၆

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် — ပြည်တွင်းသတင်း | စာ - ၉

စာသင်ခန်းအတွင်း စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုပြောင်းလဲခြင်း — ဆောင်းပါး | စာ - ၁၀

အာဖရိကသို့ အစားအသောက်နှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီများပေးမည်ဟု အမေရိကန်သမ္မတ ပြောကြား — နိုင်ငံတကာသတင်း | စာ - ၁၃

# မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ကဏ္ဍအလိုက် အလေးထား ပူးပေါင်းဆောင်ရွက်

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိမှုများ နှစ်စဉ်တိုးမြှင့်လာသည်ကို တွေ့ရမည်ဖြစ်ပြီး အထူးစစ်ဆင်ရေးများကို ယနေ့အထိ (၃၇) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကို ဒီဇင်ဘာ ၁၄ ရက်နေ့က ကျင်းပရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ယခု ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုနှင့် တန်ဖိုးငွေပမာဏတို့မှာ လွန်စွာကြီးမားများပြားလှသည်။ ဗဟိုအဖွဲ့ဥက္ကဋ္ဌက မူးယစ်ဆေးဝါးပြဿနာသည် တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်း အောင်မြင်ရုံမျှဖြင့် မူးယစ်ဆေးဝါး ပပျောက်သွားမည်ဟုယူဆ၍ မရကြောင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့လုံးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်မူးယစ်တားဆီး ကာကွယ်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဟန်ချက်ညီညီ အလေးထားပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပြီး မူးယစ်ဆေးဝါးမှုခင်းများမှာ နိုင်ငံတကာရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေကြသည့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ကြသည်။ ယခုအခါ မူးယစ်ဆေးဝါးပြဿနာတွင် အဓိကဖြစ်သည့် မက်သ်အဖက်တမင်း ထုတ်လုပ်ဖြန့်ချိမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏အမည်မှာ ထိပ်ဆုံးမှပါလေ့ရှိသည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဘန်ကောက်ပို့စ်သတင်းတစ်ပုဒ်တွင် ထိုင်းမြောက်ပိုင်းနယ်စပ်ဒေသမှ နေ့စဉ် မက်သ်အဖက်တမင်း သန်း ၂၈၀ တင်ပို့နေကြောင်း၊ စက်ရုံများမှာ မြန်မာနိုင်ငံဘက်ခြမ်းတွင် တည်ရှိပြီး စက်ရုံခုနစ်ရုံရှိကြောင်း ထိုင်းတရားရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဖော်ပြခဲ့သည်။

မက်သ်အဖက်တမင်းအပါအဝင် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် မူးယစ်ဆေးဝါးများအတွက် လိုအပ်သော ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်း မရှိဘဲ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က ထုတ်လုပ်ကြခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများ၊ မူးယစ်ဆေးဝါးဓာတ်ခွဲခန်းများ စသည်တို့မှာ တရားဥပဒေနှင့် အလှမ်းဝေးရာနေရာ၊ လက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားရာဒေသများတွင် တည်ရှိနေပြီး တရားမဝင်လမ်းကြောင်းများမှ သယ်ယူကြသည့် ထိန်းချုပ်ဓာတုပစ္စည်းများဖြင့် မူးယစ်ဆေးများ ထုတ်လုပ်နေကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲကြောင့် မတည်မငြိမ်မှုများအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်မှုများ ပုံစံပြောင်းခဲ့ပြီး ပမာဏအားဖြင့်လည်း ကြီးထွားခဲ့ကြောင်း သတင်းများတွင် တွေ့ရသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကျော်စောသည့်နေရာဒေသများမှာ နိုင်ငံအရှေ့မြောက်ပိုင်း နယ်စပ်မျဉ်းအနီးကပ်လျက်ရှိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းအချို့မှာပြည်တွင်းကို ဖြတ်သန်းသွားကြောင်းနှင့် အချို့မှာ နိုင်ငံအနောက်ပိုင်းသို့လည်းကောင်း၊ အချို့မှာ တောင်ပိုင်းနှင့် ပင်လယ်ရေကြောင်းသို့ လည်းကောင်း သယ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် လက်နက်ကိုင်အဖွဲ့အစည်းအချို့ ပါဝင်ပတ်သက်မှုရှိကြောင်း မီဒီယာများတွင် ဖော်ပြခဲ့ကြသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာတို့၏ ပြဿနာဖြစ်သော မူးယစ်ဆေးဝါးကို တားဆီးနှိမ်နင်းရာတွင် မိမိတို့နိုင်ငံအဖို့ အမျိုးသားရေးဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်သည့်အလျောက် ကဏ္ဍအလိုက် အလေးထား၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၀ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ပြိုင်ပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ-ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ကို ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းနှင့် အာဆီယံဒေသဆိုင်ရာ အထွေထွေဗဟုသုတများကို Multiple Choice , Fill in the Blank, True or False, Mixed Question ပွဲစဉ်လေးခုဖြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို မလေးရှားနိုင်ငံ၊ တတိယဆုကို လာအိုနိုင်ငံတို့က ရရှိကြသည်။

အဆိုပါ အာဆီယံနိုင်ငံများမှ ကိုယ်စားပြု တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများသည် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြည့်ရှုကြပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ စိန့်ဂျွန်း City Mall နှင့် ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကာ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များသည် ယမန်နေ့နှင့် ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကို ဒေသတွင်းလူငယ်များအကြား ခိုင်မာအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူ ပြုနိုင်စေရန် ၂၀၀၂ ခုနှစ်မှစတင်၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ နှစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခြင်းဖြစ်သည်။

ပထမအကြိမ်ပြိုင်ပွဲမှ အဋ္ဌမအကြိမ်အထိ လက်ခံကျင်းပခဲ့သည့် အိမ်ရှင်နိုင်ငံများက အာဆီယံဒေသတွင်းရှိ ကျောင်းသားလူငယ်များကို လူကိုယ်တိုင်ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ကြပြီး in person event အဖြစ်သာ ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ ပြုလုပ်ခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံဒေသတွင်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားမှုအခြေအနေများကြောင့် လူကိုယ်တိုင်တက်ရောက်သည့် Physical Eventအဖြစ် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ Online Event အဖြစ်သာ စီစဉ်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်တို့က လူကိုယ်တိုင်တက်ရောက်ပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ Online ဖြင့် ပါဝင်ယှဉ်ပြိုင်သည့် Hybrid ပုံစံဖြင့် စနစ်တကျ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၆**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U–18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ဆက်လက် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော Jeng Phang နော်တောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ U–18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ခြောက်ဂိုး – တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

ဒီဇင်ဘာ ၁၇ ရက်တွင် ပြိုင်ပွဲ ၁ ရက် ရပ်နားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ မွန်းလွဲ ၃ နာရီမှ စတင်၍ U–18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ရှေဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် အားကစားဝါသနာရှင်များ အနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂ စီမံကိန်း ဝန်ဆောင်မှုရုံးတို့အကြား လက်ရှိ ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ် အဆင်ပြေချောမွေ့ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ စာရင်းကောင်စီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ဦးတင်ဦးက မြန်မာနိုင်ငံ စာရင်းကောင်စီကို ၁၉၇၂ ခုနှစ်မှစတင်၍ ကျင့်ဝတ်သိက္ခာမြင့်မားပြီး အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ တိုးပွားလာစေရန်၊ စာရင်းပညာရပ်များ အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာစံများနှင့်အညီ လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းဆောင်ရွက်လာခဲ့သည်မှာ ယခုအခါ နှစ်(၅၀) ရွှေရတု တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုအခမ်းအနားကို နှစ် (၅၀) ကာလအတွင်း မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ စာရင်းပညာရှင်များ ပူးပေါင်း၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်လုံးတွင် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ယနေ့ နိုင်ငံတော် တည်ဆောက်ရေးကာလတွင် နိုင်ငံ၏ ဘဏ္ဍာငွေစီမံခန့်ခွဲမှု အားကောင်းစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာရင်းပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ စာရင်းပညာရပ်များ ထွန်းကားပြန့်ပွားစေရေးနှင့် စာရင်းပညာရှင်များ ပိုမိုပေါ်ထွန်းလာစေရေးတို့အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ “စာရင်းပညာ ပြည့်ဝစွာဖြင့် ပျံ့သင်းဂုဏ်ရည်စာရင်းကောင်စီ” ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ စာရင်းပညာရှင်များ ပူးပေါင်း၍ သမိုင်းအစဉ်အလာကောင်းများကို နောင်ရာပြည့်နှစ်များ တိုင်အောင် ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်း ဆောင်ရွက်သွားကြ စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦးက မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ် (၅၀) ပြည့် ရွှေရတုတိုင် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုမှတ်တိုင်များကို တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရင်းကောင်စီ နှစ် (၅၀) ပြည့် ရွှေရတု အထိမ်းအမှတ်သီချင်း Video Clip ကို ဖွင့်လှစ်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရင်းကောင်စီ နာယကကြီးများနှင့် ဝါရင့်စာရင်းပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံစာရင်းကောင်စီ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် စာရင်းစစ်ချုပ်ရုံး သမိုင်းကြောင်းနှင့် မှတ်တမ်းများ ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ပထမပိုင်း၊ ဒုတိယပိုင်း) နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း၊ ဒုတိယပိုင်း) တို့တွင် ထူးချွန်စွာ အောင်မြင်သူများနှင့် ဆုရရှိသော စာတမ်းရှင်များကို ဆုချီးမြှင့်ပြီး မဂ္ဂဇင်းကလောင်ရှင်များ၊ တေးသီချင်းသီကုံးစပ်ဆိုသူ၊ မြန်မာနိုင်ငံ စာရင်းကောင်စီ နှစ် (၅၀)ပြည့် ဆောင်ပုဒ်ရေးသားသူ၊ Logo ဒီဇိုင်းရေးဆွဲသူနှင့် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနား တတိယပိုင်းတွင် “နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများ၏ လမ်းပြမြေပုံနှင့် မြန်မာနိုင်ငံ၌ ယင်း၏စိန်ခေါ်မှုများ” နှင့် “စာရင်းစစ်နှင့်စာရင်းကိုင်များ၏ အနာဂတ် အခန်းကဏ္ဍ” ခေါင်းစဉ်တို့ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပြီး စကားဝိုင်းဆွေးနွေးသူများကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲတွင် ပါဝင်တီးခတ်ဖျော်ဖြေမည့် နိုင်ငံတော်သံစုံတီးဝိုင်းလေ့ကျင့်မှု ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ၌ ဖျော်ဖြေတင်ဆက်မည့် နိုင်ငံတော် သံစုံတီးဝိုင်း တီးခတ်လေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(ဘီ)တွင် နိုင်ငံတော် သံစုံတီးဝိုင်းအဖွဲ့၏ MNSO Overture သံစဉ်ဖြင့် အဖွင့်တီးခတ်ဖျော်ဖြေမှု၊ စန္ဒရားလှထွဋ် ရေးစပ်သီဆိုထားသည့် "အချစ်ဘယ်ကစ"၊ "အလှသစ္စာတရား" တေးသီချင်းများဖြင့် တီးခတ် ဖျော်ဖြေသီဆိုမှုနှင့် X Conon D Major သံစဉ်တီးခတ်မှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့အား တွေ့ဆုံမှာကြားရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံအတွက် အထူးအရေးပါသည့် ဂုဏ်ယူဖွယ်ရာနေ့ထူးနေ့မြတ်ဖြစ်ပြီး (၇၅) နှစ်ဆိုသည့် စိန်ရတုအချိန်အခါနှင့် တိုက်ဆိုင်မှုမှာလည်း ကြုံတောင့်ကြုံခဲအခွင့်အရေးတစ်ခု ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ခမ်းနားထည်ဝါစွာနှင့် ဂုဏ်ယူစွာ ကျင်းပပြုလုပ်မည့် အခမ်းအနားများအနက်မှ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နိုင်ငံတော် သံစုံတီးဝိုင်းအနေနှင့် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဖျော်ဖြေခွင့် ရရှိခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဖျော်ဖြေခွင့်ရရှိချိန်တွင် တစ်ဦးချင်းစီမှစပြီး တစ်ဖွဲ့လုံးအနေဖြင့် အချိုးညီစွာ ပေါင်းစပ်တီးခတ်မှုနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေနိုင်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဖျော်ဖြေတင်ဆက်ရသည့်အတွက် တစ်ဦးချင်း လေ့လာမှုနှင့် တစ်ဖွဲ့လုံးစုပေါင်း လေ့ကျင့်မှုတို့အပြင် ဝတ်စုံမှစ၍ သပ်သပ်ရပ်ရပ်ဖြစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး နိုင်ငံတော် သံစုံတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပပြုလုပ်လျက်ရှိသည့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲတွင် ချီးမြှင့်ရန် ပြင်ဆင်ခင်းကျင်းပြသထားသည့် ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံ၏ တိုးချဲ့နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံ၏ တိုးချဲ့ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးကုသဆောင်သစ်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တိုးချဲ့ နှစ်ထပ်ကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုသဆောင်သစ် ကြေးပြားကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားမဏ္ဍပ်၌ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံအနက် ဧရာဝတီ တိုင်းဒေသကြီးတွင် ဆေးရုံ ၁၃၃ ရုံ ခွင့်ပြုထားရှိကာ အဆောက်အအုံဆောက်လုပ်ဆဲနှင့် အဆောက်အအုံ မရှိသေးသည့် တိုက်နယ်ဆေးရုံ ရှစ်ရုံမှအပ ဆေးရုံများအားလုံး လည်ပတ်ဆောင်ရွက်လျက်ရှိပြီး တစ်နေ့ပျမ်းမျှ အတွင်းလူနာပေါင်း ၃၀၀၀ ကျော်ကို လက်ခံကုသပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဟင်္သာတ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ သုံးထပ်ဆောင်သစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ခရိုင်ကုသရေး ဦးစီးဌာနရုံးနှစ်ရုံး တိုးချဲ့ဖွဲ့စည်းခွင့်ပြုမှုရရှိခဲ့ပါကြောင်း၊ ဆေးရုံ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရေးနှင့် ပြည်သူလူထု အားကိုးရသည့် ဆေးရုံဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွှမ်းခြုံနိုင်စေရန် အထူးကုဆရာဝန်ကြီးများအပါအဝင် ပြည်သူ့ဆေးရုံများမှ ဆရာဝန်၊ သူနာပြုများက ကျေးရွာများသို့ ကွင်းဆင်းကုသရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး သွားလာရခက်ခဲသော နေရာများအတွက်လည်း တပ်မတော် ရေယာဉ်ဖြင့် နယ်လှည့်ကုသခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤဆေးရုံကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အားကိုးယုံကြည်ရသော ဆေးရုံကြီးဖြစ်အောင် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ကျိုက်လတ်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံ အဆောက်အအုံသစ်နှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုကြကာ လူနာများကို အားပေးစကား ပြောကြား၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအထောက်အကူပြုအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယခုဖွင့်လှစ်သည့် နှစ်ထပ်ကုသဆောင်သစ်ကို မြို့နယ်နှင့် အနီးအနားရှိ လူနာများ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်စေရန် ခေတ်မီကုသရေး စက်ကိရိယာများ၊ ဆေးဝါးများ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်၏ ရန်ပုံငွေမှ ကျပ်ငွေ ၃၉၇ ဒသမ ၇၃ သန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့ပြီး ယခုအဆောက်အသစ်တွင် လူနာဆောင်များ အဓိကပါဝင်ကာ အောက်ဆီဂျင်ပေး၍ ကြပ်မတ်ကုသနိုင်သည့် (HDU)ခုတင် ငါးလုံးအပါအဝင် စုစုပေါင်း ခုတင် ၅၀ ခန့်အထိ ထားရှိအသုံးပြုနိုင်မည်ဖြစ်ကာ နောင်ကာလတွင် ထပ်မံတိုးချဲ့နိုင်မည့်ပုံစံဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ဆင်းသုခတစ်ဧက အစိုတင်း ၉၀ ကျော် ထွက်ရှိ

**တပ်ကုန်း ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်တွင် မိုးစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၅ ရက်က ညောင်တုန်းအိုင်ကျေးရွာ ကွင်းအမှတ်( ၂၀၄၀) ကြက်ဆူကျင်းကွင်း တောင်သူ ဦးအုန်းမောင်၏ ဆင်းသုခမိုးစပါးစိုက်ခင်းတွင် ကျင်းပသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) ဒေါက်တာဝင်းထွဋ်နှင့် ညွှန်ကြားရေးမှူး ဦးတင်အောင်၊ တိုင်းဦးစီးမှူး ဦးတင်ထူး၊ ဥတ္တရခရိုင် ခေတ္တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းအမှတ်( ၂၀၄၀) မှ စပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ တပ်ကုန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဒေသဝမ်းစာဖူလုံရေး၊ အထွက်တိုးစပါးများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် မိုးစပါးစိုက်ဧရိယာများ၏ အထွက်နှုန်းကို စနစ်တကျ မှတ်တမ်းတင်နိုင်ရန်ရည်ရွယ်၍ ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းရာ စပါးတစ်ဧကလျှင် အစိုထွက်နှုန်း ၉၇ ဒသမ ၆၂ တင်း၊ အခြောက်ထွက်နှုန်း ၈၉ တင်းဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ပြား ကိုးပြား ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အတွင်း ဘာသာသာသနာထွန်းကားမှုကို အထောက်အပံ့ဖြစ်စေရန်နှင့် အများပြည်သူများ ကြည်ညိုသပ္ပာယ်စွာဖူးမြော်ရန်၊ ကုသိုလ်တရားပွားများနိုင်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး ဒေါက်တာ ဒေါ်အေးခိုင်ညွန့်နှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည် မိသားစုဝင်များက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အတွက် ရွှေစင်ပြား ကိုးပြား ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော် အရှေ့ဘက်မုခ်၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်တွင် ကပ်လှူပူဇော်မည့် ရွှေစင်ပြားကိုးပြားအတွက် လှူဒါန်းငွေကျပ် ၁၄၄ သိန်းကို ဘုရားဂေါပကထံသို့ လှူဒါန်းပြီး ဘုရားဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**





# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါန ဆေးရုံတော်၌ ကုသနေသည့် မျက်စိဝေဒနာရှင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား လိုအပ်သည့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက မျက်စိ ဝေဒနာရှင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ (**အပေါ်ပုံ**)

**ကုသဆောင်ရွက်ပေးမည်**

အဆိုပါ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်၊ အာယုဒါနဆေးရုံတော်သည် ရွှေကျင်သာသနာပိုင်၊ သီတဂူ ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၆၇ ခုအနက် အခု ၄၀ မြောက် အာယုဒါန ဆေးရုံတော်ဖြစ်ပြီး မျက်စိ ဝေဒနာရှင်များအား ဒီဇင်ဘာ ၁၅ ရက်မှ ၂၂ ရက် အထိ မျက်စိဝေဒနာရှင် ၃၀၀၀ တို့ကို မျက်စိအထူးကုဆရာဝန် ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သား ပါရဂူဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ပေးခြင်းနှင့် မျက်လုံးအစားထိုးကုသပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သုခဝိဟာရ (သရက်ကုန်း) ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိ ဗုဒ္ဓဂါယာကျောင်းတိုက်၊ တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်နှင့် အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ သဒ္ဓမ္မသိဒ္ဓိ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချုပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သံဃာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ်ရှိ အလိုတော်ပြည့် ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဖားအောက်တောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနာ့ဝန်ဆောင် ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပါရမီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦး ဝေါမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross-Check စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

**ဝေါ ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးသည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဝေါမြို့နယ် မြို့နယ်ခန်းမ၌ မဲစာရင်းမှန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross–Check စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာ စာရေးများအား တွေ့ဆုံကာ မဲစာရင်းမှန်ကန်စေရေး၊ မြေပြင်ရှိလူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် မှတ်ပုံတင်နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ထပ်နေသူများနှင့်စပ်လျဉ်း၍ လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံနှင့် တာဝန်ရှိသူများသည် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် မဲဆန္ဒရှင်စာရင်းများကို Cross Check စစ်ဆေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လက်တွေ့ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ၏တောင်ဘက်စွန်းမြို့များသို့ တစ်ဆက်တည်း အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်များလည်း ထိုင်းနိုင်ငံနယ်စပ်ဂိတ်များသို့ ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားသည် အရှည် ပေ ၂၄၀၊ အကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၈၃၁ ဒသမ ၆၉ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီး/ ပြည်နယ်မှ ဒေသထွက်ကုန်များ မြန်မာနိုင်ငံတောင်ပိုင်းသို့ အဓိကတင်ပို့ရာလမ်းကြောင်းပေါ်တွင်တည်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းမှုအတွက်လည်း အဓိကအရေးပါသည့် တံတားတစ်စင်း ဖြစ်သည်။

**တင်စိုး(ပဲခူး)**

❖ *ရှေ့ဖုံးမှ*

ကုန်ကြမ်းပစ္စည်းတွေ ရှိတယ်။ ပြည်တွင်းက ဝယ်ယူရတဲ့ ကုန်ကြမ်းပစ္စည်းတွေလည်း ရှိတယ်။ ဒီလိုရှိတဲ့အခါမှာ ပြည်ပက ကုန်ကြမ်းတွေ ဝယ်ယူမယ့်အစား ပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ ကုန်ကြမ်းတွေကို အသုံးပြုနိုင်ဖို့အတွက် စက်မှုလုပ်ငန်းရှင်တစ်ဦးနဲ့တစ်ဦး စီးပွားရေးကုန်သွယ်မှုတွေ လုပ်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒ့ါအပြင် စက်မှုနည်းပညာတွေ တစ်ဦးနဲ့တစ်ဦး ဖလှယ်နိုင်ဖို့အတွက်လည်း ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဖိတ်ခေါ်နေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်သော်တာဝင်းက ပြောသည်။

**ဦးစီးကျင်းပ**

ထိုပြပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီက ဦးစီးကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထွက်ရှိသော ပြည်တွင်းကုန်ကြမ်းများကို အခြေခံထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ပြည်တွင်းထုတ်အရည်အသွေးမီ ဆေးဝါးအမျိုးမျိုး၊ ဘက်ထရီအမျိုးမျိုး ပြခန်းများအပြင် မြောင်းတကာနှင့် သာခုကန်စက်မှုဇုန်တို့မှ ထုတ်လုပ်လျက်ရှိသော မော်တော်ကားအမျိုးမျိုး တို့ကို ပြသထားပြီး ပြခန်းပေါင်း ၁၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

**လေးရက်ကြာ ပြသသွားမည်**

ပြပွဲကို ဒီဇင်ဘာ ၁၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လေးရက်ကြာ ပြသသွားမည်ဖြစ်ပြီး ပြပွဲ၏ ထုတ်ကုန်ပစ္စည်းများကို Online web portal မှတစ်ဆင့် ပြသနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီမှ သိရသည်။

**မင်းခ**

# မြန်မာနိုင်ငံစာရင်းကောင်စီ၏ နှစ် ၅၀ ရွှေရတုခရီး

ခင်နိုင်နိုင်မင်းဦး (OAG)

**ရွှေရတုခရီးအစ**

မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council)ကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ၁၉၇၂ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအရ စတင်ဖွဲ့စည်းခဲ့ရာ ယခု ၂၀၂၂ ခုနှစ်သည် နှစ် ၅၀ တိုင်ခဲ့၍ ရွှေရတု အခါသမယဖြစ်ပါသည်။

နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်အညီ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ လက်ရှိတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ - ၁၂ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၃၆၃/၂၀၂၁ ဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီကို ပြန်လည်ဖွဲ့စည်းပြီးဖြစ်သည်။

**ဖွဲ့စည်းထားရှိမှု**

မြန်မာနိုင်ငံ စာရင်းကောင်စီကို ငွေကြေး၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် စာရင်းပညာ နယ်ပယ်ကဏ္ဍစုံမှ ဌာနအကြီးအကဲများ၊ စာရင်းပညာရှင်များ စုံလင်စွာ ပါဝင်ဖွဲ့စည်းထားသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရသည်။ ဒုတိယဥက္ကဋ္ဌနှစ်ဦးမှာ ဒုတိယစာရင်းစစ်ချုပ်နှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌတို့ ဖြစ်သည်။ တွဲဖက်အတွင်းရေးမှူးမှာ အသင်းအတွင်းရေးမှူးဖြစ်ပြီး အတွင်းရေးမှူးမှာ ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ ဖြစ်သည်။

**စာရင်းပညာရှင်များ**
**အဆက်မပြတ် မွေးထုတ်**

မြန်မာနိုင်ငံ စာရင်းကောင်စီသည် ဖွဲ့စည်းသည်မှစ၍ စာရင်းပညာရပ် ပိုမိုတိုးတက်ထွန်းကားလာစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းအဖွဲ့အစည်း တစ်ခုအနေဖြင့် အောင်မြင်လျက်ရှိသည် သို့မဟုတ် ဆုတ်ယုတ်လျက်ရှိသည်ဟူသော သုံးသပ်ချက်ကို ဘဏ္ဍာရေးရှင်းတမ်းများဖြင့် တွက်ချက် ခန့်မှန်းရသည်ဖြစ်ရာ ထိရောက်သော စာရင်းကိုင်စနစ်ထားရှိရေးအတွက် လုပ်ငန်းအဖွဲ့အစည်းတိုင်းတွင် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ လိုအပ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ စာရင်းကောင်စီအနေဖြင့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) သင်တန်းများကို ၉-၁၀-၁၉၇၂ နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားများအား စာတွေ့အပြင် စာရင်းကိုင်အလုပ်သင်အဖြစ် လက်တွေ့ဆောင်ရွက်စေပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယခုအချိန်အထိ သင်တန်းအမှတ်စဉ် (၁) မှ (၄၆) အထိ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် ၂၆၆၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဒီပလိုမာ စာရင်းကိုင်သင်တန်း (Diploma In Accountancy – DA)ကို ၅-၃-၁၉၇၃ နေ့မှစတင်၍ သင်တန်းကာလမှာ နှစ်နှစ်ဖြင့် ဖွင့်လှစ်ခဲ့ရာ ယခုအခါ သင်တန်းအမှတ်စဉ်-၄၁ အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဒီပလိုမာ စာရင်းကိုင်အောင်မြင်ပြီးသူ ၄၇၁၄ ဦး အထိ ရှိလာပြီဖြစ်သည်။

ထိုသို့ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)/(ပြည့်မီ)များ၊ ဒီပလိုမာ စာရင်းကိုင်များ မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စာရင်းပညာရှင် လုပ်သားကောင်းများ တိုးပွား များပြားလာစေရန်အတွက် ကောင်စီ၏ ဆောင်ရွက်ပေးနိုင်ခဲ့မှုပင် ဖြစ်သည်။




CPA အောင်လက်မှတ်ပုံစံ




DA အောင်လက်မှတ်ပုံစံ

**အရည်အချင်းပြည့်မီရေး**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းအား ယခင်က လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်ပြီး စာရင်းကိုင်အလုပ်သင် လုပ်သက်နှစ်နှစ် ပြည့်မြောက်သူများအား မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ စာရင်းကိုင်အလုပ်သင် လုပ်သက်ကာလကို နှစ်နှစ်မှ သုံးနှစ်သို့ ပြင်ဆင်သတ်မှတ်ခွင့်ပြုခဲ့ပြီး အာဆီယံဒေသတွင်း တန်းတူယှဉ်ပြိုင်မှု အခွင့်အလမ်းရရှိစေရေး ဆောင်ရွက်ပေးခဲ့သည်။ ၃၀-၁၁-၂၀၂၂ နေ့ထိ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်သူ ၁၂၂၀ ရှိပြီဖြစ်သည်။

စာရင်းပညာသင်ကြားမှု နယ်ပယ် ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းနှင့် ကောင်စီကသတ်မှတ်သည့် အခြားသင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားမှုကို ခွင့်ပြုပေးခြင်းသည်လည်း မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လုပ်ငန်းတာဝန်တစ်ရပ်ပင်ဖြစ်သည်။ အဆိုပါ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်တန်းဆရာအနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင် သင်တန်းဆရာအနေဖြင့် ဖြစ်စေ လုပ်ကိုင်ရန် သင်တန်းဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ပါသည်။ ယခုအထိ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ၁၈ ကျောင်းနှင့် သင်တန်းဆရာ ၁၅၀၊ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ၁၄၆၁ ဦးအား မှတ်ပုံတင်ခွင့်ပြုပေးပြီး ဖြစ်သည်။ ကိုယ်ပိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပေးခြင်း၊ သင်တန်းဆရာအဖြစ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခဲ့ခြင်းဖြင့် စာရင်းပညာ လေ့လာဆည်းပူးလိုသူများနှင့် စာရင်းကောင်စီမှ မွေးထုတ်ပေးလိုက်သည့် စာရင်းပညာရှင် သင်တန်းဆရာတို့အတွက် အခွင့်အလမ်းသစ်များ ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**စဉ်ဆက်မပြတ်လေ့ကျင့်ပေး**

ထို့အပြင် မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် CPA, DA သင်တန်းများနှင့် ကောင်စီက အခါအားလျော်စွာ ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန်၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ ပိုမိုတိုးပွားလာစေရန် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းသစ်ကြီးကို ၈-၁၂-၂၀၂၂ နေ့၌ ဖွင့်လှစ်ပေးခဲ့ခြင်းသည် အစိုးရဌာန၊ အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များအတွက် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာနှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို တက်ရောက်နိုင်ရန် ဖန်တီးပေးနိုင်မှု သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။

**နိုင်ငံအကျိုးရှေးရှုဆောင်ရွက်ရေး**

ယခုအခါ နိုင်ငံတော်အဖွဲ့အစည်း အသီးသီးတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူအများစုသည် မိမိတို့တတ်ကျွမ်းသည့် စာရင်းပညာကို အသုံးချပြီး နိုင်ငံတော်အတွက် ကျရာကဏ္ဍမှ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီက ကောက်ယူပြုစုခဲ့သည့် ၂၀၂၁ ခုနှစ်အတွက် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအချက်အလက်များအရ နိုင်ငံပိုင် ကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်တွင် စာရင်းပညာရှင် (ပထမ အဆင့်) ၄၆ ဦး၊ စာရင်းပညာရှင် (ဒုတိယအဆင့်) ၁၁၅ ဦး၊ စာရင်းကျွမ်းကျင်သူ ၆၈၇၇ ဦး တို့သည် ပြည်သူနှင့်အတူ လက်တွဲ၍ နိုင်ငံ့အကျိုးမျှော်ကိုးကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍတွင် ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်ရှိ စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူဦးရေကိုလည်း သိရှိနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

*စာမျက်နှာ ၇ သို့*

❖ ဒီပလိုမာစာရင်းကိုင်သင်တန်း (Diploma In Accountancy - DA)ကို ၅ - ၃ - ၁၉၇၃ နေ့မှစတင်၍ သင်တန်းကာလမှာ နှစ်နှစ်ဖြင့် ဖွင့်လှစ်ခဲ့ရာ ယခုအခါ သင်တန်းအမှတ်စဉ် - ၄၁ အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဒီပလိုမာစာရင်းကိုင် အောင်မြင်ပြီးသူ ၄၇၁၄ ဦးအထိ ရှိလာပြီဖြစ်

■ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)/(ပြည့်မီ)များ၊ ဒီပလိုမာစာရင်းကိုင်များ မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စာရင်းပညာရှင် လုပ်သားကောင်းများ တိုးပွားများပြားလာစေရန်အတွက် ကောင်စီ၏ ဆောင်ရွက်ပေးနိုင်ခဲ့မှုပင်ဖြစ်

*စာမျက်နှာ ၆ မှ*

**ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေး**

မြန်မာနိုင်ငံ စာရင်းကောင်စီသည် စာရင်းလုပ်ငန်းနယ်ပယ် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် အများနှင့် ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူ များအား စာရင်းစစ်လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုပေးခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအထိ စာရင်းစစ်လုပ်ငန်း (တစ်ဦးတည်းပိုင်) ၂၉၁ ခု၊ စာရင်းစစ်လုပ်ငန်း(အစုစပ်) ၁၇ ခု၊ စာရင်းစစ်လုပ်ငန်း(ကုမ္ပဏီ) ၃၅ ခု တို့ကို မှတ်ပုံတင်ခွင့်ပြုပေးပြီး ဖြစ်သည်။

မြန်မာနိုင်ငံ စာရင်းကောင်စီသည် နိုင်ငံသားများအပြင် နိုင်ငံခြားသား စာရင်းပညာရှင်များနှင့် နိုင်ငံခြား လုပ်ငန်း အဖွဲ့အစည်းများကိုလည်း အများပြည်သူသို့ စာရင်းဝန်ဆောင်မှု ပေးသည့်လုပ်ငန်းမှအပဖြစ်သော စာရင်း လုပ်ငန်း (Non-Audit Services)များ ကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ခွင့်ပြုပေး ပါသည်။ ယခုအထိ စာရင်းလုပ်ငန်း (တစ်ဦးတည်းပိုင်-နိုင်ငံသား) ၆၆ ခု၊ (အစုစပ်-နိုင်ငံသား) ၃ ခု၊ (ကုမ္ပဏီ-နိုင်ငံသား) ၇၄ ခု နှင့် (ကုမ္ပဏီ-နိုင်ငံခြား သား) ၂၆ ခု တို့ကို မှတ်ပုံတင်ခွင့်ပြုပြီး ဖြစ်ပါသည်။ နိုင်ငံခြားသားနှင့် နိုင်ငံခြား လုပ်ငန်းအဖွဲ့အစည်းများသည် Non-Audit Services လုပ်ငန်းများကို လုပ်ကိုင်ရာတွင် ဝန်ထမ်းခန့်ထားမှုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်စေခြင်းသည် နိုင်ငံတွင်း စာရင်းကိုင်၊ စာရင်းစစ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုအတွက် အကာအကွယ် တစ်ရပ်ဖြစ်သဖြင့် ကောင်စီ၏ စေတနာထား ဆောင်ရွက် ပေးမှု မှတ်တိုင်တစ်ခုပင်ဖြစ်သည်။

**အမျိုးသားအဆင့် စာရင်းပညာရှင်များအဖွဲ့**

စာရင်းပညာနယ်ပယ် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်မှုလမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီသည် Regulatory Body အဖြစ် ဆောင်ရွက်လျက်ရှိပြီး အမျိုးသား အဆင့် စာရင်းပညာရှင်အဖွဲ့အစည်း ဖြစ်သည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants - MICPA) ကို အမျိုးသား အဆင့် စာရင်းပညာရှင်အဖွဲ့အစည်း အဖြစ် အသိအမှတ်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအသင်းသည် ပုဂ္ဂလိက ကဏ္ဍနယ်ပယ်တွင် လက်တွေ့ဆောင်ရွက် လျက်ရှိသည့် အရေးပါသောအဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ စာရင်း ကောင်စီသည် အဆိုပါအသင်းအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကို လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**အာဆီယံဒေသတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်**

မြန်မာ့စီးပွားရေး နယ်ပယ်တွင် စာရင်းပညာဆိုင်ရာ လုပ်ငန်းများ၌ နိုင်ငံတကာစံများနှင့်အညီ ရပ်တည် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်ပြီး အာဆီယံဒေသ တွင်း နိုင်ငံများအကြား အသိအမှတ်ပြု သဘောတူညီမှု (Mutual Recognition Arrangement - MRA on Accountancy Services) တွင် လက်မှတ်ရေးထိုး နိုင်ခဲ့သည်။

အာဆီယံဒေသအတွင်းရှိ အာဆီယံ လက်မှတ်ရစာရင်းပညာရှင် (ASEAN Certified Public Accountants - ACPA) ၅၇၃၇ ဦးရှိရာ ၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံမှ အာဆီယံလက်မှတ်ရ စာရင်းပညာရှင် ၄၇၇ ဦး ပါဝင်ဆောင် ရွက်နိုင်ခဲ့သည်။ MRA အရ ASEAN CPA များသည် Audit and Assurance Services များမှအပ Non-Audit Services များကို ဒေသတွင်းနိုင်ငံများတွင် လုပ်ကိုင်ခွင့်ရရှိလာပြီဖြစ်သည်။

**နိုင်ငံတကာစံများနှင့်အညီ**

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) ပေါ်ပေါက်လာခဲ့ပြီး မြန်မာ့စီးပွားရေးနယ်ပယ်တွင် စာရင်း ပညာဆိုင်ရာလုပ်ငန်းများ၊ အခွန်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကိစ္စရပ် များ၌ နိုင်ငံတကာစံများနှင့်အညီ ရပ်တည်ဆောင်ရွက်စေလျက်ရှိသည်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့်အပြောင်းအလဲ လျင်မြန်သည့် ယနေ့ခေတ်စီးပွားရေး ဝန်းကျင် (Business Environment) တွင် လုပ်ငန်းခွင်နယ်ပယ်၌ နိုင်ငံတကာ စာရင်းစစ်စံများနှင့်အညီ အောင်မြင်စွာ ရပ်တည်နိုင်ရေး၊ အသက်မွေး ဝမ်းကျောင်းပညာရပ်၊ ကိုယ်ကျင့်တရား နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာစံများ (Professional, Ethical and Governance Standards) လိုက်နာမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် စာရင်း ပညာရှင်များ လိုက်နာကျင့်သုံးရမည့် နိုင်ငံတကာစာရင်းစစ်စံများ၊ နိုင်ငံတကာ ကျင့်ဝတ်များကို ပြဋ္ဌာန်းပေးခဲ့ခြင်းသည် လည်း ကောင်စီ၏ စာရင်းပညာနှင့် စာရင်းနယ်ပယ် ခိုင်မာအားကောင်းမှု အတွက် အခြေခံသတ်မှတ်ချက်များ ချမှတ် ထိန်းကျောင်းပေးနိုင်မှုများပင် ဖြစ်သည်။



အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်ကို တွေ့ရစဉ်။

**နှစ် ၅၀ ပြည့်ရွှေရတု ထူးခြားမှတ်တိုင်တစ်ခု**

စာရင်းပညာပြန့်ပွားရေးနှင့် စာရင်း ပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးနှင့် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် လာခဲ့ခြင်း နှစ် ၅၀ ပြည့် ရွှေရတုအထိမ်း အမှတ် အခမ်းအနားကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့ အထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်တွင် MICPA နှင့် ပူးပေါင်း၍ အကြိုစာတမ်းဖတ်ပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲများကျင်းပခြင်း၊ မှတ်တမ်း ဓာတ်ပုံပြခန်း၊ အထိမ်းအမှတ် ဂုဏ်ပြု တေးသီချင်း ထုတ်လွှင့်ပြသခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အထိမ်း အမှတ်လက်ဆောင်များ ပေးအပ်ခြင်းနှင့် CPA, DA သင်တန်းများတွင် ထူးချွန်သူ များအား ဆုချီးမြှင့်ခြင်းများကို ဆောင် ရွက်ခဲ့သည်။ အဆိုပါ အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံစာရင်း ကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့မှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်း များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက In person ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများ၊ အစိုးရ ဌာနအဖွဲ့အစည်းများမှ စာရင်းပညာရှင် များနှင့် စာရင်းကျွမ်းကျင်သူများ၊ မြန်မာ နိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင် များအသင်းဝင်များနှင့် စာရင်းပညာ စိတ်ဝင်စားသူများက Virtual စနစ်ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြပြီး ခမ်းနားစွာ ကျင်းပဆောင်ရွက်ပေးနိုင် ခဲ့ခြင်းမှာလည်း ဂုဏ်ယူကျေနပ်ဖွယ် မှတ်တိုင်တစ်ခုဖြစ်သည်။

**စာရင်းပညာပြည့်ဝစွာဖြင့် ပျံ့သင်းဂုဏ်ရည်စာရင်းကောင်စီ**

ယခုအချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍ ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် လျက်ရှိရာ နိုင်ငံတော်၏ လိုအပ်ချက် တစ်ရပ်ဖြစ်သည့် အရည်အသွေးပြည့်ဝ သော စာရင်းပညာရှင်များနှင့် စာရင်း ကျွမ်းကျင်သူများကို နှစ်စဉ်ဆက်လက် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းသွားမည် ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ စာရင်း ကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းနှင့် စာရင်းပညာရှင်များ ပူးပေါင်းကာ အာဆီယံဒေသတွင်း နိုင်ငံတကာစံများ နှင့်အညီ လိုက်နာကျင့်သုံးပြီး စာရင်း ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "စာရင်းပညာပြည့်ဝစွာဖြင့် ပျံ့သင်း ဂုဏ်ရည် စာရင်းကောင်စီ" ဆောင်ပုဒ်နှင့် အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းရင်း မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ် ၅၀ ပြည့်ရွှေရတုကို ဂုဏ်ပြုလိုက် ပါသည်။ ။

---

○ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျန်းမာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

**ယှဉ်ပြိုင်ကစားမည်**

ဝန်ကြီးဌာနပေါင်းစုံ U-25 (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမ အဆင့်အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပညာရေးဝန်ကြီး ဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ယှဉ်ပြိုင်အနိုင်ရရှိ**

ဆက်လက်၍ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ ကျန်းမာ ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်း ကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အဆိုပါ ပြိုင်ပွဲများသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးသည်။

ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲ ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **အားကာမောင်**

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅)နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၆

**လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ဦးစွာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တိုင်းပြည်၏ အခန်းကဏ္ဍအားလုံး ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ လူငယ်များ၏ အခွင့်အရေးအပြည့်အဝရရှိစေရန်၊ အခန်းကဏ္ဍ မြှင့်တင်ရန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

လူငယ်ရေးရာမူဝါဒတွင် ပါရှိသည့် အဓိကကဏ္ဍ (၁၆) ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ခရိုင်/မြို့နယ် ကော်မတီများကို စနစ်တကျ ဖွဲ့စည်းထားရှိရေး၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကော်မတီအဖွဲ့ဝင်များက ထဲထဲဝင်ဝင် သိရှိနားလည်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လျင်လျင်မြန်မြန် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လူငယ်များကို အားကစားနှင့် စည်းရုံးလှုံ့ဆော်ပြီး စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ပေးရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူငယ်စင်တာများထူထောင်ရန် လိုအပ်ကြောင်း၊ မသန်စွမ်းလူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ရေးနှင့် ဘဝမြှင့်တင်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး လူငယ်များအကျိုးအတွက် ပိုမိုဆောင်ရွက်သွားရန် လိုကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဝင်များအားလုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာ ကော်မတီဝင်များအားလုံး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တို့က မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၊ မဟာဗျူဟာစီမံချက်များ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များ ထပ်မံဖြည့်စွက်ဆွေးနွေး ပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



ညှိနှိုင်းအစည်းအဝေးသို့ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်က (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခင်နှစ်များနည်းတူ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ ယခင်နှစ်က ကျင်းပခဲ့သည့် အခမ်းအနားတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ အကောင်းဆုံး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ညှိနှိုင်းတိုင်ပင် ဆောင်ရွက်သွားရန်၊ မြေစိုက်ပိုစတာများကိုလည်း ခရိုင်/မြို့နယ်များမှ သတ်မှတ်နေရာများတွင် စိုက်ထူသွားရန်၊ သဝဏ်လွှာများကိုလည်း လုံလုံလောက်လောက် ဆောင်ရွက်ထားရှိရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန်၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးဂရုပြု စီစဉ်ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များရှိပါက စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်တို့ကို မှာကြားသည်။

ယင်းနောက် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက မိမိတို့ဆပ်ကော်မတီများအလိုက် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်က (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆပ်ကော်မတီများမှ မိမိတို့ ဆပ်ကော်မတီအလိုက် တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းများကို လိုအပ်ချက်မရှိ အောင် စနစ်တကျပေါင်းစပ်ညှိနှိုင်းကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scentinal) ၊ Aeroqual (Series – 500 Portable Air Quality Monitor) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td rowspan="2">၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="7">၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း အမရပူရမြို့နယ် မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၆</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ရုံးဝင်း ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>ထိခိုက်စေနိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td rowspan="2">၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="2">၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td rowspan="2">၆</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td rowspan="2">၇</td><td colspan="8">ကယားပြည်နယ်</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း လွိုင်ကော်မြို့</td><td colspan="3">တိုင်းတာနိုင်ခြင်းမရှိပါ။</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း ဘားအံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဈေးချိုဝိုင်းအနီး မော်လမြိုင်မြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="3">၁၀</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td>၂</td><td>တောင်ရင်းအုပ်စု၊ တိုးချဲ့ရပ်ကွက်၊ ကျောက်ဖြူမြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="4">၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့</td><td>ကောင်းမွန်</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ။</td><td>ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td><td colspan="2">ကောင်းမွန်</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ။</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်


**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# စာသင်ခန်းအတွင်း စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုပြောင်းလဲခြင်း

သိန်းထွန်း (IR)




## ပညာရေး၏ အနှစ်သာရတစ်ခု

ပညာရေးလို့ဆိုလိုက်ရင် ကျောင်းသားတစ်ယောက်ကို ဘာသာရပ်ဆိုင်ရာ သင်ခန်းစာတွေ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စဉ်းစားတွေးခေါ်မှု၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အကျင့်စာရိတ္တ စတဲ့ ရုပ်ပိုင်းစိတ်ပိုင်း အရည်အသွေးတွေအပြင် အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုဆိုင်ရာ ကျင့်ဝတ်တွေကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရခြင်းတွေ ပါဝင်ပါတယ်။ အဲဒီလိုအချက်တွေ ပြည့်စုံမှလည်း အရည်အသွေးရှိတဲ့ပညာရေးလို့ သတ်မှတ်နိုင်တာပါ။ ဒါကြောင့် အရည်အသွေးရှိတဲ့ ပညာရေးဖြစ်ဖို့ဆိုတာ ကျယ်ပြန့်ပြီး နက်နဲသိမ်မွေ့တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ပညာသင်ကြားရခြင်းရဲ့ အနှစ်သာရတွေ ပြည့်ဝဖို့ဆိုရာမှာ သင်ရိုးထဲမှာပါတဲ့ သင်ခန်းစာတွေကို သင်ပေးရုံ၊ သိရုံ၊ တတ်ရုံအပြင် အခြားအရည်အသွေးတွေရှိနေပါတယ်။ အနီးစပ်ဆုံး တွေ့နိုင်တာက သင်ခန်းစာ စာအုပ်တွေရဲ့ရှေ့ဆုံးမှာ အမှာစာပါပါတယ်။ အဲဒီအမှာစာထဲမှာ သင်ခန်းစာရဲ့ ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်။ ဒါက သင်ခန်းစာတစ်ခုချင်းစီတိုင်းရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ကျောင်းသားတွေအတွက် သင်ခန်းစာတစ်ခုချင်းစီအလိုက် ရည်ရွယ်ချက်နဲ့ သူ့ရဲ့အနှစ်သာရတွေက အရေးပါသလို ဘာသာရပ်အားလုံးနဲ့သက်ဆိုင်ပြီး ကျောင်းသားဘဝမှာသာမက လုပ်ငန်းခွင်နယ်ပယ်၊ လူမှုပတ်ဝန်းကျင်အထိ အသုံးဝင်တဲ့ အရည်အသွေးဆိုင်ရာ ရည်ရွယ်ချက်တွေလည်း ရှိနေပြန်ပါသေးတယ်။ အဲဒီတွေထဲက တစ်ခုကတော့ ဝေဖန်ပိုင်းခြားတွေးခေါ်မှု အရည်အချင်းပဲ ဖြစ်ပါတယ်။

ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းဟာ ကျွန်တော်တို့ဘဝရဲ့နေရာတိုင်းမှာ အရေးပါပါတယ်။ ကျွန်တော်တို့တစ်တွေ ဆုံးဖြတ်ချက်ချရာမှာ ပြဿနာတွေဖြေရှင်းတာနဲ့ သတင်းအချက်အလက် အသစ်တွေကို ဆန်းစစ်ရာမှာ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းက အထောက်အကူဖြစ်စေပါတယ်။ လူတစ်ယောက်အတွက်ပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအတွက်ပဲဖြစ်ဖြစ် အဲဒီလိုအရေးပါတဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနဲ့ဆိုင်တဲ့ ကျွမ်းကျင်မှုတွေကို စာသင်ကျောင်းတွေမှာ ဘယ်လိုပြုစုပျိုးထောင်ကြသလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

ကျောင်းသားတွေဆိုတာက အသက်မွေးဝမ်းကျောင်းဘဝတွေကို မရောက်မီ စာသင်ကျောင်းတွေမှာ ဦးစွာတက်ကြတာမို့ စဉ်းစားတွေးခေါ်မှုနဲ့ပတ်သက်လို့ စာသင်ခန်းအတွင်းက သင်ကြားပေးမှုဟာ အရေးကြီးပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားမှုစွမ်းရည်တွေ ပြည့်ဝတဲ့ ဘက်စုံတော်တဲ့သူတစ်ဦးဖြစ်လာဖို့အတွက် အချက်အလက်တွေကို ဘယ်လိုပိုင်းခြားသုံးသပ်မယ်၊ အပြန်အလှန်ဆွေးနွေးမှုတွေကို ဘယ်လိုအကဲဖြတ်မယ်၊ သက်သေ အထောက်အထားတွေကနေ ဘယ်လိုကောက်ချက်ဆွဲမလဲ ဆိုတဲ့ နည်းစနစ်တွေကို ကျောင်းတွေကနေ ကျောင်းသားတွေကို သင်ကြားပေးကြပါတယ်။

သင်ကြားရေးတာဝန်ယူထားရတဲ့သူတွေအနေနဲ့ သမိုင်းဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ သင်္ချာ၊ စာပေနဲ့ ဝိဇ္ဇာဘာသာရပ်တွေက နမူနာပုံစံတွေ အသုံးပြုပြီး ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ ကျွမ်းကျင်မှုတွေကို သင်ကြားပေးကြပါတယ်။ ဒါမှလည်း ကျောင်းသားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြစ်လိုအပ်တဲ့ စွမ်းရည်တွေထဲကတစ်ခုကို ရရှိစေမှာ ဖြစ်ပါတယ်။

## ဝေဖန်ပိုင်းခြားစဉ်းစားတတ်စေဖို့

ဝေဖန်ပိုင်းခြားတွေးခေါ်မှုဟာ အလွတ်ကျက်မှတ်ခြင်းသဘောထက် သာပါတယ်။ ဒီနည်းလမ်းက အယူအဆတွေ တစ်ခုနဲ့တစ်ခု ချိတ်ဆက်စဉ်းစားတတ်ဖို့၊ ပြဿနာတွေ ဖြေရှင်းနိုင်ဖို့၊ တီထွင်ကြံဆတွေးခေါ်ဖို့နဲ့ အသိပညာကို နည်းလမ်းသစ်နဲ့ အသုံးချဖို့အတွက် ကျောင်းသားတွေကို တွန်းအားဖြစ်စေပါတယ်။ ကျောင်းသားတစ်ဦးအတွက် ဝေဖန်ပိုင်းခြားနိုင်တဲ့ တွေးခေါ်မှုစွမ်းရည်ဟာ ဘာသာရပ်အားလုံး အောင်မြင်မှုအတွက်သာမကဘဲ နေ့စဉ်ဘဝတွင်လည်း မရှိမဖြစ်လိုအပ်ပါတယ်။

ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ လုပ်ငန်းစဉ်မှာ မှန်ကန်တဲ့ ကောက်ချက်ချနိုင်ဖို့အတွက် သက်ဆိုင်ရာဘာသာရပ်နဲ့ဆိုင်တဲ့ ယခင်က အတွေ့အကြုံတွေနဲ့ အခြေခံဗဟုသုတတွေ ပေါင်းစပ်ပြီး ဆက်စပ် စဉ်းစားရတာတွေ ပါဝင်ပါတယ်။ ဒါကြောင့် စာသင်ခန်းအတွင်းမှာ ကျောင်းသားတွေရဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ အရည်အသွေးတွေ ပြုစုပျိုးထောင်ဖို့ ဒါမှမဟုတ် မြှင့်တင်ပေးဖို့ဆိုရင် သင်ကြားရေးမှာ တာဝန်ရှိသူတွေရဲ့ အခန်းကဏ္ဍ၊ သင်ကြားရေးနည်းစနစ်၊ အကဲဖြတ်မှု၊ အထောက်အကူပစ္စည်းတွေရဲ့ အရေးပါမှုကို တွေ့ရမှာဖြစ်ပါတယ်။ ဒီတော့ ကျောင်းတွေမှာ ကျင့်သုံးနေကြတဲ့ စာသင်ခန်းအတွင်း အလေ့အထတွေနဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုတွေ ပိုပြီး ကျိုးကြောင်းဆီလျော်ဖို့နဲ့ တိကျမှန်ကန်တဲ့ တွေးခေါ်မှုတွေကို ဘယ်လိုပြုစုပျိုးထောင်ပေးသလဲ ဆိုတာ ပညာရေးရဲ့ အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ရပ် ဖြစ်နေပါတယ်။

ပညာရေးမှာ ဝေဖန်ပိုင်းခြား တွေးခေါ်နည်းဆိုတာ နည်းစနစ်တကျလုပ်ဆောင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အဲဒီလိုစဉ်းစားတွေးခေါ်မှုဟာ ရိုးရှင်းတဲ့ ရှေးရိုးစဉ်းစား တွေးခေါ်မှုတွေနဲ့ ကွာခြားပါတယ်။ ဥပမာအားဖြင့် ဆရာတစ်ဦးက ကျောင်းသား တစ်ဦးကို "ထပ်ပြီးစဉ်းစားပါအုံး" ဒါမှမဟုတ် "နောက်ထပ်တစ်နည်း လှည့်စဉ်းစားပါ အုံး" လို့ တိုက်တွန်းတာကို စဉ်းစားကြည့်ပါ။ အမှန်တကယ်က အဲဒီလိုပြောဆိုခြင်းဟာ "ပိုပြီးနက်နဲတဲ့အဖြေရဖို့ ဝေဖန်ပိုင်းခြားစဉ်းစားဖို့" ဆရာကပြောခြင်း ဖြစ်ပါတယ်။

အဲဒီလိုပဲ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှုတွေ မြင့်တက်လာဖို့နဲ့ ဝေဖန်ပိုင်းခြား စဉ်စားမှုမှာ ကျွမ်းကျင်မှုတွေရှိဖို့အတွက် ပြုစုပျိုးထောင်ပေးတဲ့ နည်းလမ်းတွေ များစွာရှိကြပါတယ်။ ပညာရေးမှာ သာမက အခြားသက်ဆိုင်ရာနယ်ပယ်အလိုက် ကွဲပြားခြားနားမှုတွေလည်း ရှိကြပါတယ်။ ကျောင်းသားတွေအတွက် စာသင်ခန်းအတွင်းမှာ ရှေးရိုးစွဲစဉ်းစားတွေးခေါ်မှုပုံစံတွေကနေ ပြောင်းလဲပြီး ဝေဖန်ပိုင်းခြား စဉ်းစားမှုအရည်အသွေး မြှင့်တင်ပေးနိုင်မယ့် အကြံပြုချက်အချို့ရှိပါတယ်။

## ဝေဖန်ပိုင်းခြား စဉ်းစားသည့်နည်းလမ်း သင်ကြားပေးခြင်း

ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဉ်းစားတတ်အောင် သင်ပေးခြင်းကြောင့် ဖြစ်စဉ်အမှန်အချက်အလက်တွေနဲ့ သဘောထားအယူအဆတွေအကြား ကွာခြားမှုကို ကျောင်းသားတွေ နားလည်စေပါတယ်။ ဖြစ်စဉ်အမှန်တွေဆိုတာက သက်သေအထောက်အထားတွေကို အသုံးပြုပြီး သက်သေပြနိုင်တဲ့ မှန်ကန်တဲ့အခြေအနေတွေ ဖြစ်ပါတယ်။ ထင်မြင်ယူဆချက်တွေဆိုတာက ကိုယ့်ရဲ့အတွေ့အကြုံတွေ၊ ခံစားချက်တွေ၊ ကိုယ်တန်ဖိုးထားတာတွေနဲ့ နှစ်သက်တာတွေအပေါ် အခြေခံတဲ့ ယုံကြည်ချက် ဖြစ်ပါတယ်။ ကျောင်းသားတွေအတွက် အဖြစ်မှန်အချက်အလက်နဲ့ သဘောထား အယူအဆဆိုတာအကြား ရှုပ်ထွေးမှုတွေဖြစ်တတ်ကြပါတယ်။ ဒါကတော့ ကျောင်းသားတွေမှ မဟုတ်ပါဘူး အခြားသူတွေမှာလည်း ဖြစ်တတ်ကြပါတယ်။

ဥပမာအားဖြင့် "နွားနို့ဝယ်ဖို့အတွက် စတိုးဆိုင်ကို ငါသွားမလို့" ဆိုတဲ့စကားမှာ သဘောထားထင်မြင်ယူဆချက်မပါပါဘဲ ရိုးရိုးရှင်းရှင်းပဲ ပြောထားတာပါ။ အဲဒီလို မဟုတ်ဘဲ "နွားနို့ရဲ့ အရသာကောင်းတယ်" လို့ ပြောလိုက်ရင်တော့ သဘောထား ပါဝင်လာပါပြီ။ ဒါကြောင့် ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ နည်းလမ်းတွေ သင်ကြားပေးတဲ့အခါ အချက်အလက်နဲ့ ထင်မြင်ယူဆချက်တွေကို ခွဲခြားနားလည်စေရေး အထောက်အကူပေးဖို့ အာရုံစိုက်ဖို့ လိုပါတယ်။ ကျောင်းသားတွေ ကိုယ်တိုင် ဝေဖန်ပိုင်းခြား စဉ်းစားတတ်အောင် ဆရာတွေက သင်ကြားပေးခြင်းဖြင့် ကျောင်းသားတွေဟာ အချက်အလက်တွေကို ခွဲခြားသုံးသပ်နိုင်စွမ်းနဲ့ ပြဿနာဖြေရှင်းနိုင်စွမ်းတွေ တိုးတက်စေလာမှာ ဖြစ်ပါတယ်။

## ဝေဖန်ပိုင်းခြားစဉ်းစားမှုကို အားပေးခြင်း

ကျောင်းသားတွေ ဝေဖန်ပိုင်းခြားပြီး စဉ်းစားနိုင်အောင်အားပေးဖို့ဆိုတာ အရာရာတိုင်းကို မေးခွန်းမေးတတ်ဖို့ သူတို့ကို အားပေးခြင်းဖြစ်ပါတယ်။ မေးခွန်းတွေ မေးခြင်းဟာ ကျောင်းသားတွေကို ပိုမိုတွေးခေါ်တတ်သူတွေ ဖြစ်စေပါတယ်။ မေးခွန်းတွေမေးခြင်းကြောင့် ကျောင်းသားတွေဟာ ကိစ္စရပ်တွေကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာနိုင်စေပြီး ၎င်းတို့ကိုယ်တိုင် အဖြေထုတ်လာနိုင်စေပါတယ်။ ဒါ့အပြင် မေးခွန်းတွေမေးတဲ့အတွက် ကျောင်းသားတွေဟာ နက်နက်နဲနဲစဉ်းစားလာသလို ဝေဖန်ပိုင်းခြားနိုင်မှုလည်း ရရှိစေပါတယ်။ မေးခွန်းမေးတယ်ဆိုရာမှာတော့ ဆရာက မေးတာလည်းရှိသလို ကျောင်းသားတွေ မေးတာကိုလည်း ခွင့်ပြုပေးဖို့လိုပါတယ်။ ဒါ့အပြင် မေးတဲ့မေးခွန်း ထိရောက်လေ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှုကို ပိုမိုထိရောက်စေပါတယ်။

## အဖြစ်မှန်နမူနာများကို အသုံးပြုခြင်း

အဖြစ်မှန်နမူနာတွေကို အသုံးပြုခြင်းဟာ ကျောင်းသားတွေရဲ့ တွေးပုံတွေးနည်းကို သင်ကြားပေးရာမှာ အထောက်အကူ ဖြစ်စေပါတယ်။ လက်တွေ့အဖြစ်မှန် နမူနာတွေကို အသုံးပြုခြင်းဖြင့် ကျောင်းသားတွေအနေနဲ့ ကျောင်းပြင်ပအခြေအနေဆိုင်ရာ အယူအဆတွေကို အသုံးချနိုင်စေပါတယ်။ ဥပမာအားဖြင့် ယုတ္တိမတန်တဲ့ အထင်အမြင်လွဲမှားနေတာတွေကို ဆန်းစစ်သတ်မှတ်တာနဲ့ ပတ်သက်လို့ ဆရာတွေက ကျောင်းသားတွေကို သင်ကြားပေးခြင်းအားဖြင့် စာသင်ခန်းအတွင်း အပြန်အလှန်ဆွေးနွေးရာမှာ အဲဒီအမှားတွေကို ဘယ်လိုခွဲခြားသတ်မှတ်ရသလဲဆိုတာ ကျောင်းသားတွေကို သင်ကြားပြသနိုင်ပါတယ်။ ဒါ့အပြင် အကျိုးအကြောင်းမဆီလျော်တဲ့ ထင်မြင်ယူဆမှုတွေကို ခွဲခြားသတ်မှတ်တဲ့နည်းကို စာသင်ခန်းအတွင်း သင်ကြားပြသခြင်းကြောင့် အခြားသူတွေပြုလုပ်တဲ့ အမှားတွေကို ဖော်ထုတ်နိုင်တဲ့ အလေ့အကျင့်နဲ့ သင်ခန်းစာယူပြင်ဆင်နိုင်တဲ့ အလေ့အကျင့်ကို ရရှိစေပါတယ်။

*စာမျက်နှာ ၁၁ သို့*

- ဝေဖန်ပိုင်းခြားတွေးခေါ်မှုဟာ အလွတ်ကျက်မှတ်ခြင်းသဘောထက် သာပါတယ်။ ဒီနည်းလမ်းက အယူအဆတွေ တစ်ခုနဲ့တစ်ခု ချိတ်ဆက်စဉ်းစားတတ်ဖို့၊ ပြဿနာတွေ ဖြေရှင်းနိုင်ဖို့၊ တီထွင်ကြံဆတွေးခေါ်ဖို့နဲ့ အသိပညာကို နည်းလမ်းသစ်နဲ့ အသုံးချဖို့အတွက် ကျောင်းသားတွေကို တွန်းအားဖြစ်စေ
- ပညာရေးမှာ ဝေဖန်ပိုင်းခြား တွေးခေါ်နည်းဆိုတာ နည်းစနစ်တကျလုပ်ဆောင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အဲဒီလိုစဉ်းစားတွေးခေါ်မှုဟာ ရိုးရှင်းတဲ့ ရှေးရိုးစဉ်းစား တွေးခေါ်မှုတွေနဲ့ ကွာခြားပါ

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန် - မန္တလေးအမြန်လမ်း (နေပြည်တော် - ရန်ကုန်)လမ်းပိုင်း လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ညောင်တုန်းမြို့နယ်ရှိ မဲဇလီတံတားတည်ဆောက်ရေးစီမံကိန်း၊ ပမ္မဝတီတံတား(မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ခြင်းစီမံကိန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**
ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်–မန္တလေးအမြန်လမ်းတစ်လျှောက် (နေပြည်တော်– ရန်ကုန်) လမ်းပိုင်းအား မိုင်တိုင် (၅၀/၀) မှ (၅၃/၀)အတွင်း လမ်းပြုပြင်နေမှု၊ ရန်ကုန်မှ နေပြည်တော်သို့ အသွားလမ်း မိုင်တိုင် (၃၈/၅) မှ (၃၉/၆)အတွင်း AC ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် မိုင်တိုင်(၀/၀)မှ (၀/၄)အတွင်း ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးရာ(ယာယီ) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မိုးဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းမြင့်ထွန်းက လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။ ဒုတိယဝန်ကြီးက သတ်မှတ်ဒီဇိုင်းပုံစံအတိုင်း ဆောင်ရွက်ရန်၊ ယာဉ်မတော်တဆမှုအန္တရာယ်များ လျော့နည်းစေရေးအတွက် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်– ပုသိမ်လမ်းတွင် ယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)က ဆောင်ရွက်လျက်ရှိသည့် မဲဇလီတံတားသစ်တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တံတားတည်ဆောက်ရာတွင် စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ သတ်မှတ်ချက်အတိုင်း လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်လုံခြုံရေးဂရုပြုရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်တုန်း – တာကွေ့လမ်း လမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်၊ စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ချိန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်တုန်းတံတား ချဉ်းကပ်လမ်းမှတစ်ဆင့် ကြိမ်ပင်ဆည်–စကြော့–ဓနုဖြူ–ဇလွန်လမ်း ကွန်ကရစ်လမ်းခင်းပြီးစီးမှု လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပုသိမ် – ကံကုန်း – မြင်းကဆိပ်– မြောင်းမြလမ်းပေါ်၌ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)က တာဝန်ယူ ဆောက်လုပ်နေသည့် ပမ္မဝတီတံတား (မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ခြင်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်ဦးက စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက စီမံကိန်းအတွက်လိုအပ်သည့် ရန်ပုံငွေရရှိမှု၊ ပစ္စည်းဝယ်ယူမှုအခြေအနေများ၊ မြေယာလျော်ကြေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား Tripartite Case Review Meeting ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား Tripartite Case Review Meeting တစ်ရပ်ကို ဒီဇင်ဘာ ၁၄ ရက်က ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများ၊ Country Task Force on Monitoring and Reporting (CTFMR) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး CTFMR မှ ပေးပို့ထားသော သံသယဖြစ်ဖွယ် စစ်သည်များနှင့် ပတ်သက်၍ စိစစ်ချက်များကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းများအတွက် ထောက်ပံ့ငွေများပေးအပ်

**နောင်မွန်း**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ်၌ နိုင်ငံတော်မှ ထုတ်ချေးပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ဒီဇင်ဘာ ၁၄ ရက်က ကဆန်ဒမ်းကျေးရွာခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနမ်ရဲမင်နှင့် မြို့နယ်သမဝါယမဦးစီးမှူးတို့က ရန်ပုံငွေကို လွှဲပြောင်းပေးအပ်ရာ အသင်းသားများကိုယ်စား ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးအဝါလ်ဖုန်ဇီက လက်ခံရယူသည်။

ရပ်ဘော့ ကျေးရွာအုပ်စုအတွင်းရှိ ရပ်ဘော့(၁)၊ ရပ်ဘော့(၂)၊ ကဆန်ဒမ်း၊ တစ်ဆယ်ထု၊ ရှီမန်၊ ဘဘော့ စသည့်ကျေးရွာများမှ အသင်းသား ၈၅ ဦးကို ထုတ်ချေးပေးနိုင်ခဲ့ပြီး ဆောင်းရာသီ သီးနှံစိုက်ပျိုးရေးအတွက် အာလူးမျိုးစေ့၊ ဆီမုန်ညင်းမျိုးစေ့နှင့် ပြောင်းဖူးမျိုးစေ့များကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ချီဖွေ**

ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ၂၀၂၂–၂၀၂၃ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သော (စိုက်ပျိုးရေး) ကျေးရွာစီမံကိန်းလုပ်ငန်းများအတွက် ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ကန်ပိုင်ယန်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ တောင်သူများလက်ဝယ်အရောက် ပေးအပ်သည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သော ကန်ပိုင်ယန်ရှိ တောင်သူ ၂၀ အတွက် ငွေကျပ်သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်သည်။ အလားတူ ဒီဇင်ဘာ ၁၃ ရက်ကလည်း ရစ်လော်ခေါင်ရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် တောင်သူ ၅၈ ဦးအတွက် ငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

### တုံ့ပြန်ချက်ပေးခြင်း

တုံ့ပြန်ချက်ပေးခြင်းဟာလည်း ကျောင်းသားတွေရဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ စွမ်းရည်မြှင့်တင်ဖို့သင်ကြားပေးရာမှာ ထိရောက်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒီနည်းလမ်းနဲ့ ကျောင်းသားတွေကို အကောင်းမြင်စိတ်နဲ့ အပြုသဘောဝေဖန်ပေးခြင်းကြောင့် သူတို့ရဲ့ စွမ်းဆောင်ရည်ကို တိုးတက်စေပါတယ်။ ဒီလိုမဟုတ်ဘဲ ကျောင်းသားတွေအပေါ် အပျက်သဘောတုံ့ပြန်ချက်ပေးလိုက်မယ်ဆိုရင် ကျောင်းသားတွေရဲ့ စွမ်းဆောင်ရည်ကို တိုးတက်မလာစေဘဲ ဆုတ်ယုတ်သွားစေနိုင်ပါတယ်။ အပြုသဘောဆောင်တဲ့ တုံ့ပြန်ချက်နဲ့ အကြံပြုချက်တွေကသာ ကျောင်းသားတွေကို အောင်မြင်မှုဆီ ဆက်လက်တက်လှမ်းနိုင်ဖို့ စိတ်ဓာတ်မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

### စံနမူနာပြခြင်း

ကောင်းမွန်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားမှုစွမ်းရည်ကို စံနမူနာပြခြင်းဟာ ကျောင်းသားတွေကို ပိုမိုကောင်းမွန်တဲ့ တွေးခေါ်ရှင်တွေဖြစ်လာဖို့ သင်ကြားပေးရာမှာ အထိရောက်ဆုံးနည်းလမ်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားပြီး ဘယ်လိုစဉ်းစားတွေးခေါ်ရမယ်ဆိုတာ ကျောင်းသားတွေကို သင်ကြားပေးဖို့အတွက် ကောင်းမွန်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ကျွမ်းကျင်မှုတွေကို စံနမူနာပြဖို့လိုပါတယ်။ ကောင်းမွန်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့စွမ်းရည်တွေမှာဆိုရင် လွတ်လပ်စွာဖြေဆိုနိုင်တဲ့ မေးခွန်းတွေမေးခြင်း၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း၊ အရင်းအမြစ်တွေကို အကဲဖြတ်ခြင်းနဲ့ ယုတ္တိမတန်တဲ့ အယူအဆအမှားတွေကို ပိုင်းခြားသတ်မှတ်ခြင်းတို့ ပါဝင်ပါတယ်။ ဘယ်လိုဝေဖန်ပိုင်းခြားစဉ်းစားရမယ်ဆိုတာနဲ့ ကောင်းမွန်တဲ့ ဝေဖန်သုံးသပ်စဉ်းစားဆိုင်ရာ ကျွမ်းကျင်မှုတွေကို ကျောင်းသားတွေ အတုယူလိုက်နာနိုင်အောင် သင်ကြားပေးသူတွေကိုယ်တိုင် စံနာမူနာပြဦးဆောင်ခြင်းဖြင့် ကျောင်းသားတွေကို အောင်မြင်တဲ့ သင်ယူသူတွေဖြစ်အောင် ကူညီဆောင်ရွက်ပေးနိုင်ပါတယ်။

### အခြားနည်းလမ်းများ

ဒါ့အပြင် ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားတဲ့ စဉ်းစားတွေးခေါ်မှုတွေကို မြှင့်တင်ပေးဖို့အတွက် အခြားနည်းလမ်းတွေလည်း ရှိပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာဆိုရင် ဆုံးဖြတ်ချက်ချမှတ်တာတွေကို အားပေးခြင်း၊ အဖွဲ့လိုက်စုပေါင်းလုပ်ဆောင်ခြင်း၊ မတူညီတဲ့အမြင်တွေကို ပေါင်းစပ်ခြင်း၊ မတူညီတဲ့ အကြံဉာဏ်တွေကို ချိတ်ဆက်ခြင်း၊ တီထွင်ဖန်တီးမှုကို အားပေးခြင်း၊ စဉ်းစားတွေးခေါ်မှုကိုနှိုးဆွပေးခြင်းဆိုတဲ့ နည်းလမ်းတွေလည်း ပါဝင်ပါတယ်။ ကျောင်းသားတွေဆိုတာက တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့ အခြေအနေအမျိုးမျိုးရှိတတ်ကြတာမို့ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုတွေကို မြှင့်တင်ပေးဖို့ဆိုရင် လိုက်လျောညီထွေရှိပြီး ထိရောက်မှု ရှိစေတဲ့နည်းလမ်းတွေကို အသုံးပြုမှ ရလဒ်တွေကောင်းမွန်မှာ ဖြစ်ပါတယ်။

### လူသားအရည်အသွေးတစ်ခု

ယနေ့ခေတ်လို ဉာဏ်ရည်တုတွေ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေတဲ့ကမ္ဘာကြီးမှာ ဝေဖန်ပိုင်းခြားတွေးခေါ်မှုလို လူသားဆန်တဲ့ တန်ဖိုးတွေ ပိုပြီးအရေးကြီးလာနေပါတယ်။ နည်းပညာအပေါ် မှီခိုအားထားခြင်းကြောင့် ဘဝပုံစံတွေကို များစွာရိုးရှင်းစေပေမယ်လို့ တစ်ပြိုင်နက်တည်းမှာပဲ အချို့သောကျွမ်းကျင်တွေနဲ့ စွမ်းရည်တွေကို ပိုင်ဆိုင်ထားမယ်ဆိုရင် အလားအလာရှိတဲ့ အလုပ်ရှင်တွေကို ပိုမိုဆွဲဆောင်မှုရရှိစေပြီး အဲဒီအရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ထားတဲ့ တစ်ဦးချင်းစီအတွက်လည်း ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် စာသင်ခန်းအတွင်းက စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုတွေကို ယခင်ရှေးရိုးစွဲပုံစံကနေ ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ပုံစံကို ပြောင်းလဲခြင်းအားဖြင့် ပညာရေးရဲ့အရည်အသွေးကို မြှင့်တင်နိုင်မှာဖြစ်ပြီး ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုတွေကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။ ။

**ကိုးကား – Paul Main, Developing Critical Thinking Skills in the Classroom, https://www.structural-learning.com/post/what-is-critical-thinking**

# NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများမှ မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကျုံဒိုးမြို့နှင့် အနီးဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၂၃၀ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံအား ပစ်ခတ်တိုက်ခိုက်ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိသကဲ့သို့ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားသုံးစွဲသူပြည်သူများထံသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကိုလည်း အကောင်အထည်ဖော်တည်ဆောက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေသည့်ကာလတွင် ကရင်ပြည်နယ် မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကျုံဒိုးမြို့နှင့် အနီးဝန်းကျင်ဒေသများသို့ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မ ဓာတ်အားခွဲရုံအား ၁၆-၁၂-၂၀၂၂ ရက်နေ့ နံနက် ၁ နာရီခွဲတွင် NUG လက်ဝေခံ PDF အကြမ်းဖက် သောင်းကျန်းသူများမှ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးပေး လျက်ရှိသည့် ၅၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ၂၀ အမ်ဗွီအေ Shut Reactor တစ်လုံး၊ Gas Circuit Breaker နှစ်လုံး၊ Lightning Arrester နှစ်လုံး၊ Potential Transformer နှစ်လုံး၊ ဓာတ်အားကြိုးများ၊ ဓာတ်အားထိန်းချုပ်အဆောက်အအုံနှင့် မီးစက်အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ဓာတ်အားပြတ်တောက်မှုကြောင့် မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကျုံဒိုးမြို့နှင့် အနီးဝန်းကျင်ဒေသများရှိ မီးသုံးစွဲသူ ၅၆၃၆၃ ဦးတို့မှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးဂိတ်နှင့် ကုန်သွယ်ရေးဇုန်တို့တွင်လည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ သို့ပါ၍ အဆိုပါ ပျက်စီးခဲ့သော ဓာတ်အားခွဲရုံကို အမြန်ဆုံး ပြင်ဆင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူသို့ ဖြည့်ဆည်းပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအပေါ် ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ဓာတ်အားပေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ ဝင်ရောက်ဖောက်ခွဲပစ်ခတ်ဖျက်ဆီးမှု အကြိမ်ပေါင်း ၂၁၀ ပစ်ခတ်ဖျက်ဆီး ဖောက်ခွဲခဲ့သော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးပြန်လည်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ နယ်မြေများရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ပြုပြင်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိသည်။


**သတင်းစဉ်**



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ 230/66/11 kV, 50 MVA Transformer Bank (2) ပျက်စီးမှု အခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ 230/66/11 kV, 50 MVA Transformer Bank (2) ပျက်စီးမှု အခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ Main – 2 GCB ၊ LA နှင့် BUS PT တို့၏ ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ Control Room ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ Control Cable နှင့် Generator House ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။

## MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများစေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား ၇၉ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်(ထိုင်း)လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် Myanmar Express Links Co,Ltd မှ ထိုင်းနိုင်ငံရှိ NPPK Construction Co,Ltd သို့ အမျိုးသားအလုပ်သမား ၅၉ ဦးနှင့် အမျိုးသမီးအလုပ်သမား ၂၀ စုစုပေါင်း အလုပ်သမား ၇၉ ဦးကို နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။




**ကျော်စိုး(ကော့သောင်း)**

## အာဖရိကသို့ အစားအသောက်နှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီများပေးမည်ဟု အမေရိကန်သမ္မတ ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

ကမ္ဘာ့အခက်ခဲဆုံး ပြဿနာအချို့ကို ဆွေးနွေးရာတွင် အာဖရိက ခေါင်းဆောင်များကို ပါဝင်စေလိုကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ အာဖရိကခေါင်းဆောင်များသည်လည်း ဆွေးနွေးရေးစားပွဲဝိုင်းတွင်ထိုင်ရန် ထိုက်တန်ကြောင်း ၎င်းကပြောသည်။



အမေရိကန် - အာဖရိက ထိပ်သီးအစည်းအဝေးမြင်ကွင်းကို တွေ့ရစဉ်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ယခုသီတင်းပတ်အတွင်း ဝါရှင်တန်သို့ အာဖရိကအကြီးအကဲ ၄၉ ဦးကို ဖိတ်ခေါ်ခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အာဖရိကအမြဲတမ်းကိုယ်စားလှယ်ကို ထားရှိရန် လိုလားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ ဂျီ-၂၀ နိုင်ငံများသို့ အာဖရိကသမဂ္ဂကိုလည်း ပါဝင်လာစေရန် ဆန္ဒရှိကြောင်း ၎င်းက ဆက်ပြောသည်။

ပြည်တွင်း၌ ကောင်းမွန်သောအုပ်ချုပ်မှုမှ စီးဆင်းလာသည့် လုံခြုံမှု အကျိုးရလဒ်များကိုလည်း သမ္မတဘိုင်ဒင်က သတိပေးခဲ့သည်။ လာမည့်နှစ် ရွေးကောက်ပွဲများအတွက် ပြင်ဆင်ရင်း ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်း၍ လုံခြုံစိတ်ချရမှုကိုမြှင့်တင်ရန် အမေရိကန်ဒေါ်လာ ၁၆၅ သန်းကို ထောက်ပံ့ပေးသွားမည်ဟုလည်း ကတိပြုခဲ့သည်။

အာဖရိကတွင် မိုးခေါင်မှုနှင့် ရေကြီးမှုများကြောင့် အစားအသောက် လုံခြုံစိတ်ချရမှုတွင် ဖိအားများ ပေါ်ပေါက်လျက်ရှိသည်။ အမေရိကန်အစိုးရသည် ယခုနှစ်အတွင်း လူသားချင်းစာနာထောက်ထားမှုအတွက် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ကို ထောက်ပံ့ခဲ့ပြီးဖြစ်သည်။ မိသားစုများ ဆာလောင်စွာဖြင့် အိပ်ယာမဝင်စေရေးအတွက် နောက်ထပ် ၂ ဒသမ ၅ ဘီလီယံ အကူအညီပေးသွားမည်ဟု သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုဘိုင်းဖုန်းအသုံးပြုသူ ၁၈၁ ဒသမ ၆၇ သန်းအထိ ရှိလာ

**ဒါကာ ဒီဇင်ဘာ ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ် အောက်တိုဘာလကုန်တွင် မိုဘိုင်းဖုန်းအသုံးပြုသူ စုစုပေါင်းအရေအတွက်မှာ ၁၈၁ သန်းကျော်အထိရှိကြောင်း နိုင်ငံ၏ တယ်လီကွန်လုပ်ငန်းမှ ထုတ်ပြန်သည့် နောက်ဆုံးစာရင်းအချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖုန်းအသုံးပြုသူအရေအတွက်မှာ ၁၈၁ ဒသမ ၆၇ သန်းအထိရှိကြောင်း ဘင်္ဂလားဒေ့ရှ်ဆက်သွယ်ရေး စည်းမျဉ်းကော်မရှင် (ဘီတီအာစီ) မှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုဘိုင်းဖုန်းကုမ္ပဏီလေးခုရှိပြီး ၎င်းတို့အနက် သုံးခုမှာ နိုင်ငံခြားကျောထောက်နောက်ခံပြု ဆဲလ်ဖုန်းအော်ပရေတာများဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလကုန်တွင် မိုဘိုင်းအော်ပရေတာများ၏ စာရင်းသွင်းသူအရေအတွက်မှာ ဂရာမင်းဖုန်းတွင် ၈၁ ဒသမ ၄၁ သန်း၊ ရိုဘီအဆင်တာတွင် ၅၄ ဒသမ ၂၈ သန်း၊ ဘင်္ဂလာလင့်ခ်ဒစ်ဂျစ်တယ်ဆက်သွယ်ရေးတွင် ၃၉ ဒသမ ၂၃ သန်းနှင့် တယ်လီတော့ ဘင်္ဂလားဒေ့ရှ်တွင် ၆ ဒသမ ၇၅ သန်းတို့ဖြစ်ကြောင်း ဘီတီအာစီအချက်အလက်များအရ သိရသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက်မှာ ၁၈၁ ဒသမ ၀၂ သန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားပြီး ၁၆ ဦးထက်မနည်း သေဆုံး

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၆**

မလေးရှားနိုင်ငံ၌ မြေပြိုမှုကြောင့် လူ ၁၆ ဦးထက်မနည်း သေဆုံးကာ ဒဏ်ရာရရှိသူများလည်း ရှိကြောင်း မလေးရှားသဘာဝဘေးအေဂျင်စီက ပြောသည်။ မြို့တော်ကွာလာလမ်ပူ အပြင်ဘက် စခန်းချရာနေရာ၌ ဒီဇင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီက မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



မြေပြိုမှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

တစ်ကေခန့်ရှိသည့် မြေပေါ်သို့ မြေများနှင့် အပျက်အစီးများ လှိုင်းသဖွယ် ကျဆင်းလာခြင်းဖြစ်သည်။ ရှာဖွေကယ်ဆယ်ရေးသမားများသည် အပျက်အစီးများအောက်မှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေကြသည်။ ဒဏ်ရာရရှိသူ ခုနစ်ဦးရှိသည်ဟု သိရသည်။

အဆိုပါဒေသမှာ ခရီးသွားများ အများဆုံးလာရောက်လည်ပတ်ရာ နေရာလည်းဖြစ်သည်။ မြေယာရှင်းလင်းမှုများနှင့် တောရှင်းမှုများကြောင့် မြေပြိုမှုများ ဖြစ်ပေါ်ရသည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

## ကာလဝမ်းရောဂါ ကာကွယ်ဆေးအလုံးရေ ကိုးသိန်းကို လက်ဘနွန်နိုင်ငံက လက်ခံရရှိ

**ဘေရွတ် ဒီဇင်ဘာ ၁၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်း၍ လက်ဘနွန်နိုင်ငံသို့ ကာလဝမ်းရောဂါကာကွယ်ဆေးအလုံးရေ ၉၀၀၀၀၀ ကို လှူဒါန်းခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် လက်ခံရရှိခဲ့သည်ဟု သိရသည်။

အဆိုပါဆေးများကို လက်ဘနွန်နိုင်ငံ၏ ကာလဝမ်းရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးမှုတွင် အသုံးပြုသွားမည်ဟု သိရသည်။ ပထမအကြိမ်ကာကွယ်ဆေးထိုးမှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလလယ်ပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလအတွင်း၌ပင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ လှူဒါန်းသည့် နောက်ထပ်ကာကွယ်ဆေးအလုံးရေ ၆၀၀၀၀၀ ကို ထပ်မံ၍လက်ခံရရှိခဲ့သည်။

ဒုက္ခသည်စခန်းများနှင့် ၎င်းတို့ကို လက်ခံထားရာအသိုက်အဝန်းများရှိ ရောဂါဖြစ်ပွားရာနေရာများတွင် ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်သည်။ ဒီဇင်ဘာလအတွင်း ကာကွယ်ဆေးထိုးပေးရမည့် အုပ်စုတွင် ၉၀ ရာခိုင်နှုန်းကို ထိုးပေးသွားနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် လက်ဘနွန်နိုင်ငံတွင် ကာလဝမ်းရောဂါတိုက်ဖျက်ရေးအတွက် ခြောက်လကျော်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ သန်း တောင်းခံထားရာ ယခုအချိန်အထိ ၂၉ ရာခိုင်နှုန်းသာ လက်ခံရရှိသေးကြောင်း ကုလသမဂ္ဂထုတ်ပြန်ချက်တွင် ပါဝင်သည်။

**ဆင်ဟွာ**

## ထိုင်းဘုရင့် အကြီးဆုံးသမီးတော် ရုတ်တရက်သတိလစ်၍ ဆေးရုံတက်ရောက်ကုသရ

**ဘန်ကောက် ဒီဇင်ဘာ ၁၆**

ထိုင်းဘုရင်၏ အကြီးဆုံးသမီးတော်သည် နှလုံးဆိုင်ရာရောဂါကြောင့် ရုတ်တရက်သတိလစ်၍ ဆေးရုံတက်ရောက်ခဲ့ရကြောင်း ထိုင်းတော်ဝင်နန်းတော်က ကြေညာခဲ့သည်။

မင်းသမီး နရင်ဒီယာဒေဗျာဗာတီသည် ဒီဇင်ဘာ ၁၄ ရက်က နိုင်ငံ၏အရှေ့မြောက်ပိုင်းပြည်နယ်၌ ခွေးတစ်ကောင်ကို လေ့ကျင့်ပေးစဉ် ရုတ်တရက် သတိလစ်သွားခြင်းဖြစ်သည်။ ၎င်းမှာ ဒေသတွင်းဆေးရုံတစ်ခု၌ ကုသမှုခံယူပြီးနောက် အခြေအနေမှာ တည်ငြိမ်လျက်ရှိသည်။ ထို့နောက် ၎င်းအား ဘန်ကောက်မြို့ရှိ ချူလာလောင်ကွန်းဆေးရုံသို့ လွှဲပြောင်းပေးခဲ့ပြီး နောက်ထပ်ကုသမှုခံယူနေကြောင်း သိရသည်။ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် အစိုးရအကြီးတန်းအာဏာပိုင်များက ဒီဇင်ဘာ ၁၆ ရက်တွင် ဆေးရုံသို့ သွားရောက်ကြည့်ရှုကြောင်း သိရသည်။

အသက် ၄၄ နှစ်အရွယ် မင်းသမီးသည် ဘုရင် မဟာဗာဂျီယာလောင်ကွန်း၏ သားသမီးသုံးဦးအနက် တစ်ဦးဖြစ်ပြီး ယခင်က ဩစတြီးယားနိုင်ငံဆိုင်ရာ သံအမတ်အဖြစ်လည်းကောင်း၊ အစိုးရရှေ့နေအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

၎င်းသည် တရားစီရင်ရေးစနစ်တွင် အမျိုးသမီးများ၏ အခွင့်အရေးအတွက် ထောက်ခံခဲ့သူဖြစ်ကြောင်းလည်း သိရသည်။

**အင်န်အိတ်ကေ**



ထိုင်းဘုရင်၏ အကြီးဆုံးသမီးတော်။

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။ (ဓာတ်ပုံ)



**တက်ရောက်အားပေး**

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှုပပျောက်ရေး ... 

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း (COMMIT)၏ (၅)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး (5th COMMIT Inter–Ministerial Meeting–IMM5) ကို ယနေ့နံနက် ၈ နာရီခွဲတွင် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ Video Conference စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ COMMIT အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ COMMIT အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည့် ထိုင်းနိုင်ငံက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၂၀–၂၀၂၂ ကာလအတွင်း မဲခေါင်ဒေသခွဲတွင်းလုပ်ငန်းစီမံချက် (SPA IV) အကောင်အထည်ဖော်မှု၊ မဲခေါင်ဒေသခွဲ တွင်းလုပ်ငန်းစီမံချက် (SPA IV) အကောင်အထည်ဖော်ခြင်း၏ သက်ရောက်မှုများ၊ ရရှိခဲ့သောသင်ခန်းစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့် က မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ နှင့်ဆက်စပ်၍ လူကုန်ကူးခံရနိုင်ခြေ အန္တရာယ်အများဆုံးရှိသော လူမှုအသိုင်းအဝိုင်းဖြစ်သည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျော်များ၊ ဆယ်ကျော်သက် ကျား/မ လူငယ်လူရွယ်များကို ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၀–၂၀၂၂ ကာလအတွင်း လူကုန်ကူးမှုဖြစ်ပွားနိုင်ခြေမှ ကာကွယ်တားဆီးနိုင်မှု ၈၁ မှုနှင့် ကျူးလွန်ခံရနိုင်ခြေရှိသူ ကျား ၄၆၈ ဦး၊ မ ၃၇၂ ဦး၊ စုစုပေါင်း ၈၄၀ တို့ကို ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်း မြန်မာရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံရပ်ခြားသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်ပြီး ကျင့်ဝတ်နှင့်ညီသည့် လုပ်သားစုဆောင်းမှုများဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်သားများ ပြန်လည်ထွက်ခွာရာတွင် တရားဝင်ဖြစ်စေရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိပြီး ဆိုက်ရောက်ရာနိုင်ငံများ၏ အစိုးရများနှင့် အလုပ်ရှင်များအနေဖြင့်လည်း လုပ်သားအခွင့်အရေးများ ပြည့်ဝစွာရရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန် တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံနေကြရသည့် မြန်မာနိုင်ငံသားများကို ဆိုက်ရောက်နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများ (နစ်နာကြေး/ လျော်ကြေးလုပ်ခလစာ/ ထောက်ပံ့ကြေး) ရရှိရေး ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် တတိယ သုံးလပတ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခြောက်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ၂၅ ဦး စုစုပေါင်း ၃၁ ဦးတို့ကို မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာရောက်ရှိနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအောင်မြင်မှုသည် COMMIT အဖွဲ့ဝင်နိုင်ငံများ အကြားတွင် ကောင်းမွန်သည့် မိတ်ဖက်ဆက်ဆံရေး၏ ရလဒ်ကြောင့်ပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ဆက်လက်ပြီး လူကုန်ကူးသူများက social media အသုံးပြု၍ လိမ်လည်စုဆောင်းသည့် အန္တရာယ်များဖြစ်ပေါ်လာသဖြင့် ကျူးလွန်သည့်မှုခင်းများကို စုံစမ်းဖော်ထုတ်နိုင်ရန် နည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများ အပြန်အလှန်ဖလှယ်ခြင်း၊ နိုင်ငံအသီးသီး၏ မတူကွဲပြားသော လူကုန်ကူးမှုဥပဒေများနှင့် ပြည်တွင်းတည်ဆဲဥပဒေများ၊ တရားခံများ၏ ပြောင်းလဲအသုံးပြုလာသည့် ကျူးလွန်ပုံကျူးလွန်နည်းများနှင့် နည်းပညာတိုးတက်မှုတို့ကြောင့် မှုခင်းများ စုံစမ်းဖော်ထုတ်ရန် ခက်ခဲခြင်းကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများဖော်ထုတ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာသော လူကုန်ကူးမှုများ လျော့ပါးစေရေးအတွက် မှန်ကန်သော အလုပ်သမားစုဆောင်းမှုများ ပိုမိုအားကောင်းစေရေး တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးလိုကြောင်း ပြောကြားသည်။

ထို့နောက် ကဏ္ဍစုံချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်များအပေါ် အောင်မြင်စွာဆောင်ရွက်နိုင်မှုများ၊ နိုင်ငံဖြတ်ကျော်လွှဲပြောင်းညွှန်းပို့မှုယန္တရား (Transnational Referral Mechanism–TRM) ဖွံ့ဖြိုးမှုတိုးတက်မှု၊ မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက်(SPA V) ရေးဆွဲဖော်ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၆၄၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၃၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၂၀၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၇၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၉၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက်အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၃ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် ဖလမ်းမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်းရှိ

**(၁၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၅၃,၉၃၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၄၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၀၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၁) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၄၀ | ၁၉၃၀ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၄၅ | ၁၉၂၅ | ၂၀၁၅ | ၂၀၃၀ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၁၉၅ | ၂၇၆၀ |
| 95 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၇၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၉၆ | ၁၈၆၆ |
| 95 Ron | ၁၈၇၆ | ၁၉၄၇ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၃ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာပြည်တောင်ဖျားသို့ သွားခဲ့သည်

မြင့်စိုး(နတလ)


ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာ

**ဘုတ်ပြင်းမြို့နယ်သို့ ရေလမ်းခရီး**

"အဲဒါ ငှက်သိုက်ကျွန်းပဲ"

"ဟိုး ... မှိုင်းပျပျက မကြံ့ဂလက်"

"သူ့ရှေ့နားမှာ မြင်နေရတာ လန်ပိကျွန်း"

တစ်နာရီ ၃၆ မိုင်နှုန်း မောင်းနေသော Speedboat ပေါ်မှာ လိုက်ပါရင်း စက်ဆရာ ညွှန်ပြသမျှကို လိုက်လံကြည့်ရှု မှတ်သားနေမိသည်။ ကြည့်ရပေမပေါ့၊ မှတ်ရပေမပေါ့။ ဤမည်သော ကော့သောင်း၊ ဘုတ်ပြင်းဒေသသို့ စာရေးသူကျွန်တော် မြင့်စိုး(နတလ) တစ်ခေါက်တစ်ခါမျှပင် မရောက်ဖူးသေးပါ။ တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးမှာပင် မြိတ်နှင့် တနင်္သာရီမြို့လေးကိုပဲ ရောက်ဖူးသွားဖူးခဲ့ပါသည်။ နေရာအနှံ့ မရောက်ဖြစ်ခဲ့သော်ငြားလည်း သည်ဒေသက နာမည်များနှင့်တော့ သိပ်မစိမ်းလှ၊ နတလဝန်ထမ်းဘဝမှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရင်း ကြားဖူးနေသည်။ ကော့သောင်းမြို့နယ်ထဲက ဇာဒတ်ကြီး ကျွန်းပတ်လမ်း၊ ဘုတ်ပြင်းမြို့နယ်ထဲက နမ့်တွန် - ရွာဟောင့်လှုလမ်း၊ အောင်ချမ်းသာ - ဆိပ်ဖူး - မာရန်း - အေးချမ်းသာ - နမ့်တွန်လမ်းများကလည်း လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကတည်းက ဖောက်လုပ်ပေးခဲ့သော လမ်းများဖြစ်ကြသည်။ ကော့သောင်းနှင့်ကပ်လျက်က ပုလုံးတုံတုံးရွာလေးမှာပင် ပညာ၊ ကျန်းမာကဏ္ဍများအပါအဝင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းအချို့ ရှိနေခဲ့သည်။ ဟော.... ခုများမှာတော့ အဆိုပါ ပုလုံးတုံတုံးရွာလေးရှိရာသို့ ကော့သောင်းအထွက် ၄ မိုင်နေရာမှ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးထားသောအခါ ရွာ၏ပတ်ဝန်းကျင်နှင့် ကမ်းခြေနေရာလေးသည် ကော့သောင်းမြို့သူမြို့သားများအတွက် အပန်းဖြေနေရာလေးတစ်ခု ဖြစ်လာခဲ့သည်။

ကော့သောင်းကို ရောက်တုန်းရောက်ခိုက် ပုလုံးတုံတုံးရွာလေးဘက်သို့ သွား၍ အုန်းရည်သောက်ခဲ့သေး၏။ တံတားပေါ်မှာလည်း အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြသေးသည်။ ကော့သောင်းမှ လေဆိပ်ဘက်သို့ အထွက်လမ်းဘေးတွင် တည်ရှိနေသည်။ သည်နားပတ်ဝန်းကျင်မှာ တစ်ခုထူးခြားသည်က ကော့သောင်း - ဘုတ်ပြင်း ကားလမ်းမကြီးပေါ်က ရွာတော်တော်များများသည် မူလရွာအမည်ကို မခေါ်ကြတော့ဘဲ သုံးမိုင်ရွာ၊ ခုနစ်မိုင်ရွာဟူ၍သာ တွင်နေကြခြင်းပါပေ။ လွန်ခဲ့သည့် နှစ် ၂၀ ခန့်က နတလမှာ ကြားခဲ့ဖူးသော ၁၀ မိုင်-ချင်ဖန်းလမ်း ဆိုတာကလည်း ထိုကဲ့သို့ပင် ကားလမ်းပေါ်က မိုင်ကို အစွဲပြုခေါ်ဝေါ်ကြခြင်းဖြစ်မည်ဟု တွေးလိုက်မိသေး၏။ ဒါက ကုန်းပေါ်မှာ သွားလာနေစဉ်အတွေး။ ယခုကဲ့သို့ Speedboat လေးစီးရင်း ကျွန်းလေးတွေကို ငေးမောရင်း ရေလမ်းခရီးဖြင့် သွားလာနေခိုက်မှာတော့ ကျွန်တော့်စိတ်အလျဉ်က လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်ခုစာမျှ အချိန်ကာလသို့ အလိုလို ပြန်ရောက်သွားရချေပြီတမုံ့။

"တနင်္သာရီတိုင်းဒေသကြီးသည် ရေနှင့်သာ အကျိုးပေးချင်ပေးမည်၊ မဟာဓာတ်အား လိုင်းလွှမ်းခြုံရန် လိုနေသေးသောဒေသဖြစ်၍ မီးနှင့် ကား အကျိုးမပေးသေးတာ သေချာသည်။ မဟာကော့သောင်းမြို့ကြီးပင်လျှင် မီးစက်မောင်း၍ ခရီးနှင်နေတာ ကြာလှပါပကော။ သည့်အတွက် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် နှစ်နှစ် စီမံကိန်းဆောင်ရွက်ပြီးနောက် တစ်ရွာလုံးမီးလင်းပြီး သောက်သုံးရေသန့်ရရှိမည့် ကံမော်ကြီးကျေးရွာသားတို့ မပျော်လျှင် ဘယ်သူတွေ ပျော်ကြမည်နည်း"

**ပင်လယ်ပျော်မော်ကင်းများ**

နယ်စပ် / စည်ပင်ဝန်ကြီးဌာနအနေနဲ့ ရှိနေစဉ်ကာလ နတလဝန်ထမ်းဘဝမှာကြုံရသည်က နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူများနှင့် လက်ပွန်းတတီး နေထိုင်ခွင့်၊ ခင်မင်ရင်းနှီးခွင့်ရခဲ့ခြင်းပင်တည်း။ မှတ်သားခဲ့မိသမျှ ပြောရလျှင် ၁၉၉၃ ခုနှစ်မှ အစပြု၍ ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲ၌ပါဝင်ဆင်နွှဲရန် နယ်စပ်ဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြားခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထိုနှစ်တွင် ထားဝယ်နှင့် ဓနု တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နှစ်ဖွဲ့ ရောက်လာခဲ့သည်။ ၁၉၉၄ တွင် ကရင်အဖွဲ့၊ ၁၉၉၅ တွင် ကိုးကန့်နှင့် "ဝ"အဖွဲ့ စသည် စသည်ဖြင့်။ ၂၀၀၀ ပြည့်လွန်နှစ်များတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များတွင် ၁၅ ဖွဲ့မှ ၁၉ ဖွဲ့အထိ တိုးတက်များပြားလာခဲ့သည်။ ဤကဲ့သို့ ခေါ်ယူမှုကို အကြောင်းပြု၍ ပင်လယ်ပျော်မော်ကင်းများနှင့် ရေစက်ဆုံခဲ့သည်။ ၂၀၀၂ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဆင်နွှဲရန် ခေါ်ယူခဲ့သော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ၁၅ ဖွဲ့ထဲတွင် ကော့သောင်းနှင့် ဘုတ်ပြင်းဒေသမှ ဆလုံတိုင်းရင်းသား တိုင်းရင်းသူများ ပါဝင်လာခဲ့သည်။

သင်္ကြန်ပွဲတော်ကာလတစ်လျှောက် နယ်စပ်/စည်ပင်မဏ္ဍပ်အပြင် နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ ဗိုလ်ချုပ်ဈေး မဏ္ဍပ်များ၌ အဖွဲ့လိုက်တိုက်ထားသော ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြသလို မိမိတို့၏ တိုင်းရင်းသားရိုးရာ သီချင်းနှင့် အကများကိုလည်း ဖျော်ဖြေတင်ဆက်ခွင့် ရခဲ့သည်။ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားသို့လည်း ပို့ဆောင်ရိုက်ကူးထုတ်လွှင့်ပေးခဲ့သည်။ ဤနေရာမှာ အမှတ်ရစရာ ဖြစ်သွားသည်ကတော့ ၂၀၀၂ ခုနှစ် ရောက်ရှိလာသော ဆလုံတိုင်းရင်းသားအဖွဲ့တွင် ကိုယ်ပိုင်သီချင်း၊ ကိုယ်ပိုင်အကများ ပါမလာခဲ့ပါ။ သူတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ နတလသင်္ကြန်သီချင်းနှင့် ယိမ်းအကများတွင်သာ ပါဝင်ကပြခွင့်ရခဲ့ကြသည်။ တေးရေးဆရာ သုခိအောင် (အဘဦးကျော်ဆန်း) ၏ တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ၊ ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ၏ သီချင်းများဖြစ်သော နွေပိတောက်၊ ပြည်ထောင်စုသားတို့သင်္ကြန်၊ ကိုမြသန်းစံ ရေးသားပေးသော ပြည်ထောင်စုနှင့် ခါသင်္ကြန် တေးသီချင်းများ အပါအဝင် နတလသင်္ကြန်သီချင်း ကိုးပုဒ်ခန့် ရှိနေပါသည်။ ထိုသီချင်းများဖြင့်သာ ဆလုံတိုင်းရင်းသားအဖွဲ့ ပါဝင်ကပြသွားရရှာသည်။

သို့သော် အကြောင်းအားလျော်စွာပင် ၂၀၀၃ ခုနှစ် ဖိတ်ကြားခေါ်ယူခဲ့သော တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ၁၉ ဖွဲ့ထဲ၌ ဘုတ်ပြင်းမြို့နယ်ထဲမှ ဆလုံတိုင်းရင်းသား တိုင်းရင်းသူများ ထပ်မံပါဝင်လာခဲ့သည်။ သည်တစ်ခါတော့ဖြင့် တို့ဆလုံများ မျက်နှာမငယ်ရတော့ပြီ။ ဘုတ်ပြင်း/ ကော့သောင်းမှ တာဝန်ရှိသူများ၏ စီစဉ်ပေးမှုအရ တူညီဝတ်စုံများလည်း ချုပ်လာကြသည်။ ပြီးတော့ "ပင်လယ်ပျော်မော်ကင်းများ" ဆိုသည့် တေးသီချင်းလည်း ပါလာခဲ့သည်။ ထိုသီချင်းထဲတွင် ပင်လယ်အပေါ် သစ္စာရှိသော ဆလုံဓလေ့များ၊ ပင်လယ်မှာ ကြုံတွေ့ရသည့် အခက်အခဲများကို အားမာန်အပြည့်ဖြင့် ကျော်လွှားကြပုံများပါဝင်ပြီး ပြည်ထောင်စုကြီး အေးချမ်းသာယာအောင် အခြားသောတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြမည်ဟူ၍ စပ်ဆိုရေးသားထားပါသည်။ ထိုသီချင်းနှင့် MRTV၊ MWD ရုပ်သံများတွင် ရိုက်ကူးထုတ်လွှင့်ပေးသောအခါ သူတို့ အလွန်ဝမ်းသာပျော်ရွှင်ခဲ့ကြသည်။ ဟိုးအဝေးဆီက မကြံ့ဂလက်နှင့် လန်ပိကျွန်းများကို ကျွန်တော် ငေးကြည့်နေရင်း ၂၀၀၂/ ၂၀၀၃ က ရန်ကုန်ကို ရောက်လာသော ဆလုံတိုင်းရင်းသားတိုင်းရင်းသူလေးများသည် ခုနေခါ အသက် ၄၀၊ ၄၅ နှစ်အရွယ်တွေ ရှိနေလောက်ပြီဟု တွေးလိုက်မိသည်။

*စာမျက်နှာ ၁၇ သို့*


ကော့သောင်းမြို့နယ် စိုင်ဒင်းစံပြကျေးရွာ SMART Village မှ စိုက်/မွေးလုပ်ငန်း အစုအဖွဲ့များအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်။


စီမံကိန်းဆိုင်းဘုတ် ဖွင့်လှစ်ပေးပြီး ကံမော်ကြီးရွာသူရွာသားများနှင့် အမှတ်တရ

## ရုတ်တရက်လေပြင်းတိုက်၍ ကော့သောင်းမြို့ အဝေးပြေးကားဝင်းမှ အဆောက်အဦးအချို့ပျက်စီး

**ကော့သောင်း ဒီဇင်ဘာ ၁၆**

ကော့သောင်းမြို့၌ ဒီဇင်ဘာ ၁၅ ရက်က လေပြင်းများ ရုတ်တရက်တိုက်ခတ်မှုကြောင့် အပင်များကျိုးကျကာ သီရိမြိုင်ရပ်ကွက် အဝေးပြေးကားဝင်းအတွင်းမှ ခရီးသည်များ နားနေဆောင်အဆောက်အဦး ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းကတည်းက ကော့သောင်းမြို့တွင် အရှေ့လေပြင်းများ အဆက်မပြတ်တိုက်ခတ်ခဲ့ပြီး နံနက် ၉ နာရီခန့်တွင် ရုတ်တရက် ပြင်းထန်စွာလေတိုက်ခတ်မှုကြောင့် သီရိမြိုင်ရပ်ကွက် အဝေးပြေးကားဝင်းအတွင်း ခရီးသည်များနားနေဆောင် အနောက်ဘက်ရှိ လုံးပတ် ခုနစ်ပေခန့် အမြင့် ၄၅ ပေခန့်ရှိသည့် သရက်ပင်အိုကြီးတစ်ပင် လဲပြိုကာ ခရီးသည်(နားနေဆောင်) တစ်ဆောင်နှင့် ယင်းနားနေဆောင်နှင့် တစ်ဆက်တစ်စပ် တည်းရှိသည့် ကောင်းသစ်စံမှန်လုံကားဂိတ်ရုံးခန်း၏ ခေါင်မိုးပေါ်သို့ပိကျပြီး ပျက်စီးခဲ့ခြင်းဖြစ်သည်။



အဆောက်အဦးပြိုကျမှုကြောင့် မော်တော်ဆိုင်ကယ်တစ်စီးသာ ပိမိပျက်စီးခဲ့ရပြီး လူထိခိုက်ဒဏ်ရာရခြင်း မရှိကြောင်းနှင့် ကော့သောင်းခရိုင်နှင့် မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ စီစဉ်မှုဖြင့် ခရိုင်မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီရှင်းလင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မိုးညှင်းခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ဥပဒေဆိုင်ရာများ အသိပညာပေးဟောပြော

**မိုးညှင်း ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်က မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်က ဥပဒေအထောက်အကူပေးရေးအဖွဲ့နှင့် ဥပဒေဆိုင်ရာအကြောင်းအရာများ၊ အဖွဲ့ဝင်များဖြစ်သော ဦးမြသောင်းက လယ်ယာမြေဥပဒေအကြောင်း၊ ဦးခင်မောင်ဝင်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအကြောင်းတို့ကို ဟောပြောသည်။ ထို့နောက် ဟောပြောပွဲတက်ရောက်သော ဒေသခံပြည်သူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြပြီး ဘီလူးမြို့ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲသို့တက်ရောက်သူများအား ခရိုင်ဥပဒေအထောက်အကူပေးရေးအဖွဲ့က ဥပဒေဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဝ၇၈

*စာမျက်နှာ ၁၆ မှ*

တစ်ချိန်တစ်ခါက တိုင်းရင်းသားပုံရိပ်များကို လွမ်းမောတသ သတိရလိုက်ပါဘိတော့။

**ကံမော်ကြီးသို့ ရောက်ခဲ့သည်**

ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီအချိန်တွင် ကျွန်တော်တို့အဖွဲ့သည် Speedboat ဖြင့် ကော့သောင်းဆိပ်ကမ်းမှ ထွက်ခဲ့ပြီး အနောက်ဘက်ပင်လယ်ကမ်းခြေအတိုင်း ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာသို့ ထွက်ခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးကျော်စွာအောင်၊ ဦးရဲခေါင်တို့လည်း ပါဝင်သည်။ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်ကတော့ ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာမှာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူး ရန်ပုံငွေ ၂၀၂၂ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနား၊ စီမံကိန်းဆိုင်းဘုတ်ဖွင့်လှစ်ခြင်း၊ ဓာတ်အားပေး ဆိုလာစက်ရုံ တည်ဆောက်မည့်နေရာကို ပန္နက်ရိုက်ခြင်းတို့ ဆောင်ရွက်ရန်ဖြစ်ပါသည်။ နံနက် ၉ နာရီသာသာခန့်တွင် ကံမော်ကြီးကျေးရွာ သို့ အမြန်ရေယာဉ်ဆိုက်ရောက်ခဲ့ရာ ရွာသူရွာသားများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။ ကြိုကြြ ပေမပေါ့။ တနင်္သာရီတိုင်းဒေသကြီးသည် ရေနှင့်သာ အကျိုးပေးချင်ပေးမည်၊ မဟာဓာတ်အားလိုင်း လွှမ်းခြုံရန် လိုနေသေးသောဒေသဖြစ်၍ မီးနှင့် ကား အကျိုးမပေးသေးတာ သေချာသည်။ မဟာ ကော့သောင်းမြို့ကြီးပင်လျှင် မီးစက်မောင်း၍ ခရီးနှင် နေတာ ကြာလှပါပကော။ သည့်အတွက် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် နှစ်နှစ် စီမံကိန်းဆောင်ရွက်ပြီးနောက် တစ်ရွာ လုံးမီးလင်းပြီး သောက်သုံးရေသန့်ရရှိမည့် ကံမော်ကြီးကျေးရွာသားတို့ မပျော်လျှင် ဘယ်သူတွေ ပျော်ကြမည်နည်း၊ ကျွန်တော်တောင် သူတို့နှင့်ရောချ၍ ပျော်မိသည်။

ကံမော်ကြီးကျေးရွာသည် အိမ်ခြေ ၂၁၀ ရှိပြီး ကျေးရွာတွင်း၌ အသေးစားစက်မှုလက်မှု လုပ်ငန်း ၁၈ ခု ရှိနေသည်။ ရော်ဘာ၊ ကွမ်းသီးနှင့် အခြားသီးနှံများ စိုက်ပျိုးထားကြသည်။ သိန်း ၇၀၀ ခန့် ရင်းနှီးမတည်၍ ငါး၊ ပုစွန် သားဖောက်လုပ်ငန်း ဆောင်ရွက်နေသူတစ်ဦးကိုလည်း တွေ့ခဲ့ရ၏။ ၂၄ နာရီ မီးရပြီဆိုလျှင် ရော်ဘာလုပ်ငန်းဖြစ်စေ၊ အခြားသော လုပ်ငန်းများဖြစ်စေ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မည် ဖြစ်ပေသည်။ ယခုထက်ပိုမို၍ လူမှုစီးပွားဘဝများ မြင့်မားလာမည်မှာ သေချာသည်။

**လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂**

လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းများ ဆောင်ရွက်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နှစ်စဉ် Project Proposal များရေးဆွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လန်ချန်း – မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအတွင်းရေးမှူးရုံးသို့ အဆိုပြုတင်ပြခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်း တစ်ခု ဆောင်ရွက်ခွင့်ရခဲ့ပြီး လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံမျှဝေဖလှယ်ခြင်းအစီအစဉ်ဖြင့် Cash For Work (CFW)၊ Village Revolving Fund Project (VRFP) စီမံကိန်းကို ဆောင်ရွက်ပေးခဲ့သည်။

**စီမံကိန်းလေးခု**

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂ ဖြင့် စီမံကိန်း လေးခု ဆောင်ရွက်ခွင့်ရခဲ့သည်။ ယင်းစီမံကိန်းများမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ အမေရိကန်ဒေါ်လာ ၃၃၀၆၀၀ ဖြင့် လန်ချန်း – မဲခေါင်နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း မြောင်းမြမြို့နယ် ချောင်းလေးကျေးရွာ၊ ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာ၊ ကျောင်းကုန်းမြို့နယ် ပေါက်ဆိန်ပဲ့ကျေးရွာတို့တွင် အမေရိကန်ဒေါ်လာ ၂၇၉၁၀၀ ဖြင့် ပြည်သူအခြေပြု ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော ကျေးရွာရေရရှိရေးစီမံကိန်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာတွင် အမေရိကန် ဒေါ်လာ ၃၄၄၆၀၀ ဖြင့် အသေးစားဆိုလာမီးလင်းရေးနှင့် ရေရရှိရေးစီမံကိန်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာတွင် အမေရိကန်ဒေါ်လာ ၃၇၇၈၀၀ ဖြင့် အသေးစားဆိုလာမီးလင်းရေးနှင့် ရေရရှိရေးစီမံကိန်းတို့ ဖြစ်သည်။ ရေငံကြီးကျေးရွာသို့မူ ကျွန်တော်တို့ မသွားရောက်နိုင်တော့ပါ။

**စိုင်ဒင်းခေတ်မီစံပြကျေးရွာ**

ကော့သောင်းဒေသသို့ ရောက်ရှိခိုက် တနင်္သာရီတိုင်းဒေသကြီးအတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော စိုင်ဒင်းစံပြကျေးရွာ (SMART Village) သို့ သွားရောက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်လုပ်ငန်းများပြီးစီးမှု၊ လာမည့်နှစ် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးရွာအတွက် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ တစ်ဆက်တည်းမှာပင် စိုင်ဒင်းစံပြကျေးရွာ၌ ဝက်သားပေါက်မွေးမြူရေးအဖွဲ့၊ ရော်ဘာပြား ဝယ်ယူရောင်းချရေးအဖွဲ့၊ ကွမ်းသီး အစို/အခြောက် ရောင်းဝယ်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းဆောင်ရွက်နေသည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ရေးအဖွဲ့ လေးဖွဲ့အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဒေသခံပြည်သူများ၏လိုလားချက်ဖြစ်သော စိုင်ဒင်းကျေးရွာမှ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်း ၉/၄ မိုင်ကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ရောက်လေရာအရပ်ဒေသမြို့ရွာတိုင်းမှာ ကျွန်တော်အလေးထားမှာကြားသည်ကတော့ ဒေသတည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးပဲ ဖြစ်ပါသည်။

**အိမ်တွင်းမှုကျောင်းသို့ သွားရောက်နှုတ်ဆက်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကော့သောင်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းသည် ၁၉၉၂ ခုနှစ် မတ် ၁၉ ရက်ကတည်းက ဒုတိယအစောဆုံး ဖွင့်လှစ်ခဲ့သောကျောင်း ဖြစ်သည်။ ပထမဆုံး ဖွင့်လှစ်ပေးခဲ့သည့်ကျောင်းမှာ ၁၉၉၂ ခုနှစ် မတ် ၁၆ ရက်တွင် ဖွင့်လှစ်သော တာချီလိတ်အိမ်တွင်းမှုကျောင်း ဖြစ်သည်။ သံယောဇဉ်ကြီးမားခဲ့ရသော ကျောင်းများဖြစ်၍ သင်တန်းကျောင်းအုပ်၊ နည်းပြများနှင့် သင်တန်းသူများကို သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ပါသည်။ ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ ဆန်းသစ်တီထွင်မှုများ ပြုလုပ်ကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

**ဘုရင့်နောင်မင်းတရားကြီးကို ဂါရဝပြု**

ကော့သောင်းကိုရောက်မှတော့ မဖြစ်မနေ သွားရောက်ရမည့်နေရာတစ်ခု ရှိနေပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုစိုက်ထူထားရာ ဘုရင့်နောင်အငူကိုပဲ ဖြစ်၏။ ဒီဇင်ဘာ ၆ ရက် ကံမော်ကြီး၊ စိုင်ဒင်းရွာများမှအပြန် သွားရောက်ကြည့်ရှုပြီး ဂါရဝပြုခဲ့သည်။ ဒီဇင်ဘာ ၄ ရက်ကလည်း ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ကျင်းပပြုလုပ်သည့် လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် ဆောင်ရွက်မည့် လန်ချန်း- မဲခေါင်နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်း စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်ပြီးနောက် ပဲခူးမြို့အထွက်နားဆီမှာ စိုက်ထူထားသော အမြင့် ၂၇ ပေရှိ ဘုရင့်နောင်ရုပ်တုကြီးကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် မင်းတစ်ပါး မဟုတ်ပါလား။ ဘုရင့်နောင်အငူမှ ပင်လယ်ပြင်သို့ လှမ်းမျှော်ကြည့်ရှုရင်း ကော့သောင်းမြို့၏ ညနေဆည်းဆာကို နှုတ်ဆက်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာမှုအပေါင်း ဆက်လက်ခညောင်းပါစေ ကော့သောင်းရေ။ ။

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အမှတ်တံဆိပ်မှတ်ပုံတင်(Trademark)လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ(၂၀၁၉)အရ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိလိုသူသည် သတ်မှတ်ချက်များနှင့်အညီ မူပိုင်ခွင့်ဦးစီးဌာန မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည် ဖြစ်ပါသည်။ ထိုသို့လျှောက်ထားနိုင်မည့်နေ့ရက်ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်တံဆိပ် လျှောက်ထားလိုသူသည် ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရွန်နစ်စနစ်ဖြင့် လျှောက်ထားခြင်း၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားခြင်း၊ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စာပို့လုပ်ငန်းတစ်ခုခုမှ ပေးပို့လျှောက်ထားခြင်းစသည့် နည်းလမ်းများဖြင့် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို အသုံးပြုပြီး မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ လျှောက်ထားရမည်ဖြစ်သည်။

အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားသူများအနေဖြင့် လျှောက်ထားချက်တွင် မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊ လျှောက်ထားသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့်နေရပ်လိပ်စာ ပါရှိရမည်ဖြစ်ပြီး ကိုယ်စားလှယ်ခန့်အပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နေရပ်လိပ်စာနှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ပါရှိရမည်ဖြစ်သည်။ ထို့ပြင် လျှောက်လွှာတွင် အမှတ်တံဆိပ်အတွက် ရှင်းလင်းပြည့်စုံသော ဖော်ပြချက် ပါရှိရမည့်အပြင် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစား အုပ်စုခွဲခြားခြင်း (Nice Classification)ကို အခြေခံ၍ ခွဲခြားထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစားများကိုလည်း ရွေးချယ်ပေးရမည် ဖြစ်ပါသည်။

အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်တွင် အမျိုးအစားမျိုးစုံ (Multi Class) လျှောက်ထားနိုင်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား (Class)အရေအတွက်အပေါ်မူတည်၍ သတ်မှတ်သည့် အခကြေးငွေများ ပေးသွင်းရမည် ဖြစ်ပါသည်။ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်း၍ လျှောက်ထားချက်တွင် ပါရှိသော လိုအပ်သည့် အခြေခံအချက်အလက်များ ပြည့်စုံသည့် နေ့ရက်ကို နိုင်ငံတော်တွင် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့(Filing Date)အဖြစ် မှတ်ယူနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

## ဘင်္ဂလားဒေ့ရှ်သို့ နှစ်စဉ်ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ အထိနှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ အထိ တင်ပို့နိုင်မည်

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါး ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU)ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါနားလည်မှု စာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ အထိနှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ အထိတို့ကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

အဆိုပါ MoU အရ မြန်မာနိုင်ငံမှ Myanmar Rice Federation – MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့က ဧည့်မထ ငါးရာခိုင်နှုန်း တန်းမြင့်ဆန်တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် သဘောတူစာချုပ် (Sales Contract)ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်အထိ ဆန်တန်ချိန် ၁၄၃၀၀၀ ကျော်ကို တင်ပို့ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ တင်ပို့ရန်ကျန်ရှိသော ဆန်များအနက် ဆန်တန်ချိန် ၁၅၀၀၀ ကို သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့်ဆန်များကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဆက်လက်ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

## မြိတ်ဒေသမှ ထုတ်ကုန်များ ထိုင်းဈေးကွက်သို့ ပုံမှန်တင်ပို့လျက်ရှိ

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၃ ရက်အတွင်း ငါးမှုန့် ၁၈၄၅ တန်၊ ငါးအသားလွှာ ၁၄ ဒသမ ၄ တန်၊ ကြက်သွန်နီ ၃၃၂ တန် တင်ပို့ခဲ့ပြီး ပွင့်လင်းရာသီဖြစ်၍ ကုန်သွယ်မှုလမ်းကြောင်းကောင်းမွန်သောကြောင့် တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိသည့် ငါးမှုန့်၊ ငါးအသားလွှာ၊ ကြက်သွန်နီ ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြိတ်ဒေသအတွက် လိုအပ်သော စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)များကို ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ တင်သွင်းလျက်ရှိပြီး ဒီဇင်ဘာ ၁ ရက်မှ ၁၃ ရက်အတွင်း ဓာတ်ဆီတန် ၇၀၀၊ ဒီဇယ်ဆီတန် ၂၀၅၀ တင်သွင်းခဲ့ပြီး ရေလုပ်ငန်းသုံးပစ္စည်း ငါးဖမ်းပိုက်၊ ပလတ်စတစ် ငါးပုံး၊ ရေခဲပုံး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ပုစွန်စာများစုစုပေါင်း ၂ ဒသမ ၈၇၇ သန်း တင်သွင်းခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၈၀ နှုန်းဖြင့် အရောင်းအဝယ်ရှိကြောင်း သိရှိရသည်။

## လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် လွယ်ဂျယ်နယ်စပ်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ဆန်ကား၁၀ စီး (တန်ချိန် ၃၀၉ တန်)၊ ဆန်ကွဲကိုးစီး (တန်ချိန် ၂၈၇ တန်)၊ တစ်သျှူးငှက်ပျော ရှစ်စီး (တန်ချိန် ၁၂၈ တန်)၊ ကြံ ၃၈ စီး (တန်ချိန် ၆၀၈ တန်)၊ နှမ်းနက် နှစ်စီး (တန်ချိန် ၃၀) နှင့် ပိုးလုံးအိမ်တစ်စီး (တန်ချိန် ၄ ဒသမ ၅ တန်)တင်ပို့နိုင်ခဲ့သည်။

တစ်ဖက်တရုတ်နိုင်ငံမှ ဂျပ်စက္ကူကားသုံးစီး (တန်ချိန် ၁၆ ဒသမ ၅ တန်)၊ မြက်ခင်းတုတစ်စီး (တန်ချိန်ခြောက်တန်)နှင့် ပိတ်လိပ်တစ်စီး (တန်ချိန် ၁၃ ဒသမ ၄ တန်) တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၁-၁၁-၂၀၂၂ ရက်တွင် ၁ ယွမ်လျှင် ၄၁၆ ဒသမ ၆၇ ကျပ်ဖြစ်ခဲ့ပြီး ၁၃-၁၂-၂၀၂၂ ရက်တွင် ၁ ယွမ်လျှင် ၃၉၃ ဒသမ ၇၁ ကျပ် ဖြစ်သောကြောင့် မြန်မာကျပ်ငွေဈေး အနည်းငယ်မြင့်တက်လာကြောင်း သတင်းရရှိသည်။

## ၁၄-၁၂-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၁၀၀ | | ၁၃၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၇၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၆၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၆၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၅၀၀၀ | | ၂၃၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၃၀၀ | ၂၈၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၆၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၅၀ | ၁၉၅၀ | ၁၀၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၄၇၀၀ | ၃၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၅၀၀ | ၂၅၄၅၀၀၀ |
| ၅ | လွိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၅၆၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၇၂၀၀၀ |
| ၇ | မော်လမြိုင် | ၁၆၅၀(သစ်) | | ၁၃၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၆၅၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၈၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၅၀၀၀ | ၃၂၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၅၅၀၀၀ |
| ၉ | မြိတ် | ၂၂၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၅၁၀၀ | ၄၇၀၀ | ၅၁၀၀ | ၂၄၀၀ | ၈၀၀ | ၆၁၀၀ | ၃၈၀၀ | ၄၇၀၀ | ၃၄၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၆၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၅၃၀၀ | ၆၂၀၀ | ၅၂၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၄၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၂၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၀၀ | ၈၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၅၅၀ | | ၉၅၀၀ | ၅၄၅၀ | ၂၀၀၀၀ | ၄၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၃၀၀ | ၆၄၀၀ | ၄၃၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၇၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၅၈၀၀ | ၄၄၀၀ | ၅၈၀၀ | ၁၈၀၀ | ၅၅၀ | ၅၆၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၅၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၄၂၀၀(သစ်) | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၇၀၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀(သစ်) | | ၁၂၅၀၀ | ၅၆၀၀ | ၂၅၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၆၀၀၀၀ |
| ၁၉ | ပဲခူး | ၁၈၀၀(သစ်) | | ၁၃၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၃၈၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၈၀၀ | ၄၀၀၀ | ၁၆၀၀ | ၅၀၀ | ၆၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၂၅၀၀ | ၅၇၀၀ | ၁၆၀၀၀ | ၄၂၀၀ | ၄၆၀၀ | ၅၂၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၇၅၀၀၀ |
| ၂၂ | ကလေး | ၂၅၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၆၂၀၀ | | ၄၀၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀ ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ကျပ် ၂၀၀၊ မုံရွာတွင် ၅၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၂၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁၂-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်ရားတော် (**အဂုလိမာလသုတ်**)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** စစ်ပီးငြိမ်းချိန်တန်ပါပြီ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာအစီအစဉ် ကယားရိုးရာဝက်သားနဲ့ပက်ခါးရွက်နှင့်ဝါးမီးကင်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ခါးခါးအချစ်ချိုချို**' (အပိုင်း-၃၂)
**၁၃:၃၀** MRTV National News
**၁၄:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်(အပိုင်း-၁၁)
**၁၅:၃၀** ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်များ
**၁၆:၃၅** "ဒသမအကြိမ်မြောက်အာဆီယံဉာဏ်စမ်းပဟေဠိဒေသတွင်းအဆင့်ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်" (ပထမပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့ အထိမ်းအမှတ်တေးသီချင်း
**၁၈:၄၀** သုတဝေဖြာ...သိရိဂေဟာ
**၁၉:၂၀** မြန်မာဇာတ်လမ်းတွဲ "**အတိုးမပေးတဲ့...နှီးလေး**" (**အပိုင်း-၁၉**)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တပ်မတော်ရေနှစ်ပတ်လည်နေ့ဂုဏ်ပြု အစီအစဉ် '**ပင်လယ်ပြာမှအဏ္ဏဝါစစ်သမီးများ**'
**၂၁:၃၀** နိုပါတ်တော်လာဇာတ်သဘင်မဟာ "**မဟောသဓာမယားတရားစီရင်ခန်း**"

**mitv**

**07:02** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:10** Weekly Review
**07:26** Innovative Handiworks Based On The Art Of Line Drawing
**07:45** Myanmar Family Life: Karaweik & Kandaw Gyi, The Glory of Yangon
**08:01** News
**08:28** Mon Traditional Dishes
**08:38** Bravocado Benefits
**09:01** Quiz Time
**10:01** News
**10:27** Robe Business in Ta Ma Ta Kaw
**10:41** Listening Pleasure, Instrumental Music (Horn Violin) Son Taw Myaing
**10:53** Mandalay, The Golden City
**11:01** Pyin Oo Lwin Sweater

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၆:၀၀ မှ ၇:၀၀)**
ဝုဏ်ယူစံထား ဘောလုံးသမားဆလိုင်းလာလ်ကျဲအိုလွယ်
**ချင်း (ချို) (၀၇:၀၀ မှ ၀၈:၀၀)**
ဆပ်ဝါထမင်းသုပ်နှင့်ဝက်နံရိုးချဉ်ရည်ဟင်း
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မွန်တို့အလှ မွန်တို့ရိုးရာဝတ်စုံ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လခြမ်းမြေမှရိုးရာအလှ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
ဟိုပန်မြို့အလှ
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ဖိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၈)
**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ(အပိုင်း-၂)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** Weekly International News
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၅:၄၅** ကာတာကမ္ဘာ့ဖလား(ပွဲကြိုသုံးသပ်ချက်)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ကံဝင်းမဲ**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၄
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာအပိုင်း(၃)
**၁၁:၃၀** အတွေးအမြင်(အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၀၆:၄၅** "**စက်မှုလယ်ယာအရှက်ဦး**" (**ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း**)
**၀၇:၀၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
**၀၇:၄၅** အင်းလေးဒေသမှကျွန်းမျောခရမ်းချဉ် GAP နည်းစနစ်များဖြင့် အောင်မြင်
**၀၈:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၈:၅၀** လုပငဝေဆာနင်းဆီကမ္ဘာ
**၀၉:၅၀** ကယားမြေမှဆောင်းအာလူး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info/Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၁၅:၂၀** 2022 World Cup Hightlight ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
**၁၈:၀၀** ပြန်လည်ခံစားမြန်မာနယ်ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကျုံပျော်မြို့ကို စိမ်းလန်းသန့်ရှင်းသောမြို့ဖြစ်စေရေး ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ကျုံပျော် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့အား ခရိုင်မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းသန့်ရှင်းသောမြို့ (Green City၊ Clean City) ဖြစ်စေရေးအတွက် လုပ်ငန်းများ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ထားမှုကို တာဝန်ရှိသူများက အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းပါဝင်၍ မြို့အဝင်/ထွက် ဆိုင်းဘုတ်များ သန့်ရှင်းသပ်ရပ်၍ ပန်းအလှပင်များ စိုက်ပျိုးထားမှု၊ မြို့အဝင် တြိဂံချွန်းနှင့် အများပြည်သူအပန်းဖြေရာနေရာများ သစ်လွင်တောက်ပရန် ဆောင်ရွက်ထားမှု၊ မြေယာရှုခင်းနှင့် ပန်းအလှပင်များ ပုံသွင်းပြုပြင်ထားရှိမှု၊ ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သန့်ရှင်းမှုနှင့် စနစ်တကျဈေးရောင်းချနေမှု၊ မြို့ပေါ်ရပ်ကွက်များဖြစ်သော မြဝတီ၊ တေဇ၊ အောင်ဆန်းနှင့် ပင်လုံရပ်ကွက်များအတွင်းရှိ လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်ထားမှု၊ လမ်းများ၊ လမ်းအမည် ဆိုင်းဘုတ်များ၊ ပလက်ဖောင်းများ စနစ်တကျဆောင်ရွက်ထားမှုနှင့် ပြည်သူများပူးပေါင်းပါဝင်၍ နေအိမ်များ၊ ခြံစည်းရိုးများ သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်စစ်ဆေးပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**လပြည့်ဦး(မြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁၂ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၉၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၉၃၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၈၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၅ ကျပ် | ၁၉၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၅ ကျပ် | ၂၀၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၄၅ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၀၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၀ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၄ . ၆၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၃၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၄၂၄ | ၁၃၇၉၂၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂ | ၁၅၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၃ | ၅၈၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၂၃၅ | ၆၁၁၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၃၄ | ၁၆၆၆၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm







ဒီဇင်ဘာ ၁၇ ရက် ညပိုင်းမှာ ကမ္ဘာ့ဖလား ပြိုင်ပွဲမှ တတိယနေရာလုပွဲအဖြစ် ခရိုအေးရှားနဲ့ မော်ရိုကိုအသင်းတို့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

# ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲ ခရိုအေးရှားနှင့် မော်ရိုကို ကစားမည်

လင်းလက်ကြယ်

ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်မှာ ခရိုအေးရှားအသင်းရော မော်ရိုကိုအသင်းပါ ပြိုင်ဘက်ကို ဂိုးပြတ်ရှုံးနိမ့်ထားတယ်။ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ မော်ရိုကိုအသင်းထက် အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ခရိုအေးရှားအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ထိန်းချုပ်ကစားထားနိုင်တာကြောင့် လုပ်အားနှုန်း ပိုမိုကောင်းမွန်ခဲ့တယ်လို့ ဆိုနိုင်တယ်။

**ဗိုလ်လုပွဲတက်လှမ်းနိုင်ရေး မျှော်လင့်ချက်ပျက်ပြယ်**

မော်ရိုကို အသင်းက ယခုနှစ် ကမ္ဘာ့ဖလားမှာ ဘယ်လ်ဂျီယံ၊ စပိန်၊ ပေါ်တူဂီ

> **မော်ရိုကိုအသင်းအနေနဲ့ ရှိသမျှခွန်အားနဲ့ အစွမ်းကုန် ကြိုးစားခဲ့တာဖြစ်လို့ ထိပ်ဆုံးထိ မရောက်ခဲ့ရင်တောင် အလယ်အလတ်အဆင့်တော့မကတာကြောင့် ကမ္ဘာ့ဖလားမဆွတ်ခူးနိုင်တာထက် အသင်းပရိသတ်တွေ မျှော်လင့်တဲ့၊ လိုချင်တဲ့ ကျေနပ်စရာရလဒ်တစ်ခုဖြစ်လို့ လာမယ့်ပွဲစဉ်အတွက် အပြုံးမပျက်ဘဲ ရှေ့ဆက်နိုင်မယ်လို့ အားကစားကျွမ်းကျင်သူတွေက သုံးသပ်ထား**

တို့ကို ကျော်ဖြတ်ကာ စံချိန်မှတ်တမ်းသစ် စိုက်ထူထားနိုင်မှုနဲ့အတူ ခံစစ်မာကျောပြီး ကိုယ်ပိုင်ကစားဟန်တစ်ခုနဲ့ သာမန်ထက်ထူးခြားတဲ့ စွမ်းဆောင်ရည်မျိုးပိုင်ဆိုင်ထားတယ်ဆိုသော်ငြား လက်ရှိ ချန်ပီယံ ပြင်သစ်အသင်းနဲ့ အတွေ့မှာ ကမ္ဘာ့ဖလား ဗိုလ်လုပွဲ တက်လှမ်းနိုင်ရေး မျှော်လင့်ချက်ပျက်ပြယ်ခဲ့ရတာ ဖြစ်တယ်။ ဒါ့အပြင် အာဖရိက ဘောလုံးသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလား ဗိုလ်လုပွဲကို ပထမဆုံး တက်လှမ်းနိုင်မယ့် အသင်းအဖြစ်မှလည်း လွဲချော်ခဲ့ပြီ ဖြစ်တယ်။

**နီးလျက်နဲ့ဝေးခဲ့ရ**

ထိုနည်းတူ လက်တစ်ကမ်းအလိုက ကမ္ဘာ့ဖလားအိပ်မက်ကို နောက်တစ်ကြိမ် အကောင်အထည်ဖော်ဖို့ ခရိုအေးရှားအသင်း နီးစပ်လာခဲ့ပေမယ့် အာဂျင်တီးနားအသင်းရဲ့ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့တာကြောင့် နီးလျက်နဲ့ဝေးခဲ့ရပြီ ဖြစ်တယ်။

**သာမန်ထက် ပိုရုန်းကန်ရလေ့ရှိ**

ဒါ့အပြင် အသက် ၃၇ နှစ်အရွယ် မိုဒရစ်ရဲ့ ကစားကွက်ပုံဖော်မှုနဲ့ လုပ်အားနှုန်းက တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာကာ နေရာစုံ ရွှေ့လျားပြီး ပံ့ပိုးထောက်ပံ့မှုတွေ ပြုလုပ်ထားနိုင်တယ်ဆိုသော်လည်း အသင်းကစားသမားတွေ အဆုံးသတ်ပိုင်းအားနည်းတဲ့အခါ သာမန်ထက် ပိုရုန်းကန်ရလေ့ ရှိတယ်။

**သာမန်ထက်ပိုတဲ့ ဘောလုံးအဆင့်အတန်းတစ်ခုကို ထုတ်ပြနိုင်ခွင့်ရ**

မော်ရိုကိုအသင်းက ယခုနှစ်ကမ္ဘာ့ဖလားမှာ ဇီယက်၊ အန်နက်ဆရီ၊ ဆာအစ်၊ ဘွန်နူတို့ရဲ့ စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် သာမန်ထက်ပိုတဲ့ ဘောလုံးအဆင့်အတန်းတစ်ခုကို ထုတ်ပြနိုင်ခွင့်ရခဲ့တယ်။ နောက်ပြီး မော်ရိုကိုအသင်းအနေနဲ့ ရှိသမျှခွန်အားနဲ့ အစွမ်းကုန် ကြိုးစားခဲ့တာဖြစ်လို့ ထိပ်ဆုံးထိ မရောက်ခဲ့ရင်တောင် အလယ်အလတ်အဆင့်တော့ မကတာကြောင့် ကမ္ဘာ့ဖလားမဆွတ်ခူးနိုင်တာထက် အသင်းပရိသတ်တွေ မျှော်လင့်တဲ့၊ လိုချင်တဲ့ ကျေနပ်စရာရလဒ်တစ်ခုဖြစ်လို့ လာမယ့်ပွဲစဉ်အတွက် အပြုံးမပျက်ဘဲ ရှေ့ဆက်နိုင်မယ်လို့ အားကစားကျွမ်းကျင်သူတွေက သုံးသပ်ထားတယ်။

မော်ရိုကိုအသင်းရဲ့ အားသာချက်တစ်ခုက ဘောလုံးပိုင်ဆိုင်မှုထက် ရရှိလာတဲ့အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ရေးကိုသာ အာရုံစိုက်တာဖြစ်တယ်။ အဝင်အထွက်မှန်မှု၊ ချဉ်းကပ်ပုံမှန်မှုနဲ့ ယခင်ပွဲစဉ်တွေက မြင်တွေ့နေကျအတိုင်း ခရိုအေးရှားအသင်းကို တုံ့ပြန်ကစားသွားနိုင်မလား သို့တည်းမဟုတ် ခရိုအေးရှားက သာမန်ထက်ပိုတဲ့ ကစားဟန်နဲ့ မော်ရိုကိုအသင်းကို ရင်ဆိုင်သွားမလား စိတ်ဝင်စားဖွယ်ရာကောင်းတယ်။

မည်သို့ပင်ဆိုစေ မော်ရိုကိုအသင်းထက် ခရိုအေးရှားအသင်း အသာရဖွယ်ရှိတယ်။ ■



# ယခုနှစ်ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုသူပေါင်း ၁ ဒသမ ၅ ဘီလီယံရှိနိုင်ဟု ဖီဖာခန့်မှန်း

အောင်ဇော်

ကာတာနိုင်ငံမှာ ကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ ပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ပွဲစဉ်ပေါင်း ၆၂ ပွဲ ယှဉ်ပြိုင်ကစားထားပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားဗိုလ်လုပွဲဟာ တစ်ကမ္ဘာလုံးရဲ့အာရုံစူးစိုက်မှု အများဆုံး လက်ခံရရှိထားသလို ကမ္ဘာတစ်ဝန်းရှိ ရုပ်မြင်သံကြားကွန်ရက်တွေအတွက်လည်း ထူးခြားတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။

**၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲကို လူပေါင်း ၁ ဒသမ ၁၂ ဘီလီယံ ကြည့်ရှုခဲ့**

ဒါကြောင့် တနင်္ဂနွေနေ့မှာ ယှဉ်ပြိုင်ကစားမယ့် ပြင်သစ်နဲ့ အာဂျင်တီးနားအသင်းတို့ရဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကမ္ဘာတစ်ဝန်းက ဘောလုံးချစ်ပရိသတ်တွေ ကြည့်ရှုဖို့ မျှော်လင့်စောင့်စားနေကြပြီ ဖြစ်ပါတယ်။ ဖီဖာက ထုတ်ပြန်ထားတဲ့အချက်အလက်အရ ၂၀၁၈ ခုနှစ်က ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပွဲစဉ်တွေကို ကြည့်ရှုသူ ခန့်မှန်းခြေ ၃ ဒသမ ၅၇၅ ဘီလီယံရှိပြီး ပြင်သစ်နဲ့ ခရိုအေးရှားအသင်းတို့ ကစားခဲ့တဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို လူပေါင်း ၁ ဒသမ ၁၂ ဘီလီယံ ကြည့်ရှုခဲ့တယ်လို့ သိရပါတယ်။

**၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုသူ ပရိသတ်ပေါင်း ၁ ဒသမ ဝ၁ ဘီလီယံအထိရှိ**

ကမ္ဘာတစ်ဝန်းက ဘောလုံးချစ်ပရိသတ်တွေအနေနဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုရာမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်က တောင်အာဖရိကမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ကြည့်ရှုသူ ပရိသတ်ပေါင်း ၉၀၉ သန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်က ဘရာဇီးမှာ ကျင်းပခဲ့တဲ့ အာဂျင်တီးနားနဲ့ ဂျာမနီအသင်းတို့ရဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုသူ ပရိသတ်ပေါင်း ၁ ဒသမ ဝ၁ ဘီလီယံအထိ ရှိလာခဲ့တယ်လို့ ဆိုပါတယ်။

**ယခုနှစ်မှာ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုသူပေါင်း ၁ ဒသမ ၅ ဘီလီယံအထိ မြင့်တက်လာဖွယ်ရှိ**

ဒါ့အပြင် ၂၀၁၈ ခုနှစ်က ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုသူ ပရိသတ်ပေါင်း ၁ ဒသမ ၁၂ ဘီလီယံရှိခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် မကြာခင်ကျင်းပတော့မယ့် ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကြည့်ရှုသူပရိသတ်ပေါင်း ၁ ဒသမ ၅ ဘီလီယံအထိ မြင့်တက်လာဖွယ်ရှိတယ်လို့ ဖီဖာက ခန့်မှန်းထားတာ ဖြစ်ပါတယ်။

**ယခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲကို အာဂျင်တီးနားနဲ့ ပြင်သစ်အသင်းတို့ ကစားမည်**

ယခုနှစ် ကာတာနိုင်ငံမှာ ကျင်းပတဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို အာဂျင်တီးနားအသင်းနဲ့ ပြင်သစ်အသင်းတို့ လာမယ့် တနင်္ဂနွေနေ့ ညပိုင်းမှာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ■

**ကမ္ဘာ့ဖလားပြိုင်ပွဲသွင်းဂိုးအများဆုံး သွင်းယူထားသူများ**

| စဉ် | အမည် | အသင်း | ဂိုး |
|---|---|---|---|
| ၁။ | အမ်ဘာတ်ပီ | ပြင်သစ် | ၅ |
| ၂။ | မက်ဆီ | အာဂျင်တီးနား | ၅ |
| ၃။ | ဂျီရုဒ် | ပြင်သစ် | ၄ |
| ၄။ | အယ်ဗာရက်ဇ် | အာဂျင်တီးနား | ၄ |



# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## "မြန်မာနိုင်ငံ၏ပထမဆုံးသော ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဓာတ်အားစနစ်အတွင်း ဝန်အားလျှော့နည်းနေမည့် အခြေအနေအား အများပြည်သူသို့ ကြိုတင်အသိပေးပန်ကြားခြင်း"

(၁၆-၁၂-၂၀၂၂)

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံအတွင်း လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကိုပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဟန်ချက်ညီစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသည့် ဓာတ်အားများကို မြန်မာနိုင်ငံ တောင်ပိုင်းသို့ ပို့ဆောင်ရာ၌ ဗို့အားအဆင့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့်သာ ပို့လွှတ်လျက်ရှိရာ ဓာတ်အားစနစ်အတွင်း အရန်ဓာတ်အားလိုင်း မရှိသဖြင့် ရံဖန်ရံခါ ဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုနည်းပါးကာ ဓာတ်အားစနစ်တစ်ခုလုံး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း (System Breakdown) ဖြစ်ပေါ်တတ်သည့်အခြေအနေမှ ကာကွယ်နိုင်ရန်နှင့် မြန်မာပြည်မြောက်ပိုင်းမှ လျှပ်စစ်ဓာတ်အားများကို တောင်ပိုင်းသို့ ပြည့်ဝစွာ သယ်ဆောင် ပို့လွှတ်နိုင်ရန် ရည်ရွယ်၍ ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း စီမံကိန်းအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ယခုအခါ (၉၉%) ပြီးစီးနေပြီဖြစ်ပါသည်။

အဆိုပါ ဓာတ်အားလိုင်းအား ရာနှုန်းပြည့် ပြီးစီးနိုင်ရန်အတွက် တောင်ငူပင်မ ဓာတ်အားခွဲရုံတွင် အပြီးသတ် ချိတ်ဆက်ခြင်း လုပ်ငန်းများကို (၁၇-၁၂-၂၀၂၂) ရက်နေ့နှင့် (၁၈-၁၂-၂၀၂၂) ရက်နေ့များတွင် နေ့စဉ်နံနက်(၀၆:၀၀) နာရီမှ ည (၁၉:၀၀) နာရီအထိ လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ် နံနက် (၀၆:၀၀) နာရီမှ ည(၁၉:၀၀)နာရီအထိ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ဝန်အား ခန့်မှန်း (၁၅၀) မဂ္ဂါဝပ်ခန့် လျှော့နည်းနေမည် ဖြစ်သော်လည်း ညပိုင်းတွင် ပြန်လည်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ ထိုသို့ နေ့လယ်ပိုင်းလုပ်ငန်းဆောင်ရွက်နေစဉ် အချိန်တွင် ဝန်အားလျှော့နည်းနေသော်လည်း နိုင်ငံတော်ဓာတ်အားစနစ်ကို ထိန်းညှိမောင်းနှင်၍ ဆက်လက်ဖြန့်ဖြူးနေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းများ ဆောင်ရွက်နေစဉ် အချိန်အတွင်း အချို့သောနေရာများ၌ ဝန်အားလျှော့ချခြင်း လုပ်ငန်းများကို မလွှဲမရှောင်သာ ဆောင်ရွက်သွားရမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နားလည်ပေးနိုင်ပါရန်နှင့် ယခု ၅၀၀ ကေဗွီ ဓာတ်အားစနစ် ပြီးစီးပါက နိုင်ငံတော်ဓာတ်အား စနစ်အတွင်းဓာတ်အားပို့လွှတ် စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။





မြန်မာနိုင်ငံ၏ ပထမဆုံးသော ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) – စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကန်ကလေးကျေးရွာနေ စန်းစန်းမူသည် ၎င်းအသုံးပြုသည့် "San San Mu" Facebook အကောင့်၊ ပေါင်းတည်မြို့နယ် မြို့ကြီးကျေးရွာနေ ခိုင်ယဉ်အေးသည် ၎င်းအသုံးပြုသည့် "Khaing Yin Aye" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဆ) ရပ်ကွက်နေ အောင်ကိုလတ်(ခ) အာဂီးလန်းသည် ၎င်းအသုံးပြုသည့် "Aung Ko Latt" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ အေးဇော်၊ မွန်ပြည်နယ် ရေးမြို့ အဘော်ကျေးရွာနေ နေလင်း(ခ)နေသူရလင်း၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မလေးနှင့် ဒေါ်ယွန်းစိန်တို့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မxxx (၂၈) နှစ်နှင့် မxxx (၁၆) နှစ်တို့အား မွန်ပြည်နယ် ရေးမြို့ရှိ ကောင်းမြတ်သာ KTV ဆိုင်နှင့် ရောဝတီ (၁) KTV ဆိုင်တို့တွင် အလုပ်လုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ် ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း (ပ) ၁၅၇၈ / ၂၀၂၀၊ (ပ) ၁၅၇၉/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ တို့ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် တရားခံ ဒေါ်ယွန်းစိန်၊ အေးဇော်၊ နေလင်း(ခ)နေသူရလင်း နှင့် ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်မလေးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကြက်တောင်ပြိုင်ပွဲ တိုက်ကြီးခရိုင်အသင်း တံခွန်စိုက်ဆုဖလားဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကြက်တောင်ပြိုင်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း ကြက်တောင်ရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲ၌ အမျိုးသားအသင်းလိုက်တွင် တိုက်ကြီးခရိုင် အသင်းနှင့် ကျောက်တံတားခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုက်ကြီးခရိုင်အသင်းက ကျောက်တံတားခရိုင်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီး အမျိုးသားအသင်းလိုက်တွင် ပူးတွဲတတိယဆုရ အင်းစိန်အသင်းနှင့် ဒဂုံမြို့သစ်ခရိုင်အသင်း၊ ဒုတိယဆုရ ကျောက်တံတားခရိုင်အသင်းတို့ကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဦးဋ္ဌေးအောင်၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးကြက်တောင်ဆပ်ကော်မတီ ဥက္ကဋ္ဌ တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရ တိုက်ကြီးခရိုင်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ) ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ခရိုင် ၁၄ ခရိုင်မှ အားကစားသမား ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



**အာကာစိုး**

**ဓာတ်ပုံ - တင်စိုး**

# ကသာမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲဆုပေးပွဲကျင်းပ

**ကသာ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်က ကသာမြို့ "ရောရွှေလီ" မိုးလုံ၊ လေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး ဆုရအားကစားသမားများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

◆ *ကျောဖုံးမှ*

ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ယင်းပြိုင်ပွဲကို ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာ၊ လာအိုအသင်းတို့ ပါဝင်နေသည်။ ဒီဇင်ဘာ ၂၀ ရက်တွင် ပြိုင်ပွဲပထမနေ့အဖြစ် အုပ်စု (က) ပွဲစဉ်များ ကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဘရူနိုင်းအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (ခ) တွင် ကျရောက်နေသည့် မြန်မာအသင်းသည် အုပ်စုပထမပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ကစားရမည်ဖြစ်ပြီး မလေးရှားအသင်းနှင့် အိမ်ကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ကွင်းပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း၊ မြေကွက်အမှတ် (၁၂၀)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေအလျားx အနံ (၂၀x၆၀)ပေ (ခေါင်းရင်းဘက်ခြမ်း)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးရထွန်း (MYA-142527)ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ နော်စောဖြူစင်သဲမိုး ၁၂/အစန(နိုင်) ၁၉၈၃၁၉ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မွန်မွန်စိုး ၁၂/သဃက(နိုင်) ၁၄၀၅၆၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့် တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ ပေ(၃၀x၆၀)၊ မြေဧရိယာ ၀ ဒသမ ၀၄၁ ဧက၊ မြေကွက်အမှတ် (ဒ-၈၀၀၀၆)ကို ဦးတင်အောင်(ဘ)ဦးကျော်ဒွန်း LWE-163864 အား နေအိမ်ဆောက်လုပ်နေထိုင်ရန် ယာယီမြေအသုံးပြုခွင့်လိုင်စင်ချထားပေးခဲ့ပြီး ယာယီမြေအသုံးပြုခွင့်လိုင်စင်ချထားပေးခဲ့သူ ဦးတင်အောင်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဝင်းရွှေတို့သေဆုံးသဖြင့် အဆိုပါမြေကွက်ကို သားသမီး(၂)ဦးဖြစ်သော ဦးကိုဖြိုးနှင့် ဒေါ်အိလေးတို့မှ သေဆုံးကြောင်းလက်မှတ်၊ ဦးကိုဖြိုး(ဘ)ဦးတင်အောင်မှ ၎င်းရရှိမည့် အမွေဝေစုတစ်ဝက်အား ရယူခြင်းမရှိဘဲ ညီမဖြစ်သူ ဒေါ်အိလေး(ဘ)ဦးတင်အောင် ၉/လဝန(နိုင်)၃၀၇၀၈၈ အား မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ကြောင်း ကတိစာချုပ်၊ ဒေါ်အိလေးသည် မြေကွက်တွင် လက်ရှိနေထိုင်သည်မှာ အမှန်ဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ယာယီမြေအသုံးပြုခွင့်လိုင်စင်မူရင်း၊ မိခင်ဖြစ်သူ သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ယာယီမြေအသုံးပြုခွင့်လိုင်စင်အား ဒေါ်အိလေး အမည်ဖြင့် ပြောင်းလဲထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါယာယီမြေအသုံးပြုခွင့်လိုင်စင်အား ဒေါ်အိလေး(ဘ)ဦးတင်အောင် ၉/လဝန(နိုင်) ၃၀၇၀၈၈ အမည်ဖြင့် ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် (၆၁)၊ ဧရိယာ ၀ ဒသမ ၀၂၁ဧကရှိ ဒေါ်ညီမလေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်ခိုင်(ဘီလစ်) ၉/ပမန(နိုင်) ၀၄၁၉၉၃ မှ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၀၀၅/၂၀၁၇)ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၅၇/၂၀၂၂)တရားမဇာရီမှုအမှတ် (၂၃/၂၀၂၂)နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်သဥ္ဇာမော် ၉/ပမန(နိုင်) ၁၃၄၅၁၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1088 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာနေ မခင်ဇာဝင်း ၁၁/ရသတ(နိုင်)၀၇၀၄၈၉၏ဖခင် ဦးသန်းဝင်းချေ (ခ)ဦးမောင်သန်းဝင်း ၁၁/ရသတ(နိုင်)၀၀၂၇၈၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်ခိုင် ၉/ဝတန(နိုင်) ၁၀၈၄၃၁၏သား ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄)၊ Grade-2မှ မောင်သူရထွန်းအား မောင်ဟိန်းကိုကိုမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းကိုကိုမောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8240 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/ 9875 Scania R470, Tractor Head (6x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းရီ ၃/ကကရ(နိုင်)၁၀၄၁၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1007 Daihatsu Hijet S200P Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးနန္ဒာဦး ၁၂/လမန(နိုင်)၁၃၅၈၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း ဦးကျော်မြင့်လွင် ၁၂/မဂတ(နိုင်)၀၄၀၄၅၁ နှင့် အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြတ်လေးဖြူလမ်း၊အမှတ်(ဒ-၂၀၇၂) နေ ဒေါ်ခိုင်နီဆန်း(ဘ)ဦးခင်မောင်ဆန်း ၉/မနမ(နိုင်)၀၉၉၄၂၀မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၊ မှတ်ပုံတင်ဌာနမှူးရုံးတွင် ၁၁-၄-၂၀၁၉ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၀၈/၂၀၁၉ ဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရွှေနှင်းဆီ(၁၂)လမ်းအမှတ် (၃၁၄၁၅) နေ ဦးကျော်မြင့်လွင်(ဘ)ဦးမောင်မောင်လွင်(ခ)ဦးဝင်းလွင် ၁၂/မဂတ(နိုင်)၀၄၀၄၅၁သို့ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်နီဆန်း(ဘ)ဦးခင်မောင်ဆန်း**
**၉/မနမ(နိုင်)၀၉၉၄၂၀**
**အမှတ်(ဒ-၂၀၇၂)၊မြတ်လေးဖြူလမ်း၊**
**ဒက္ခိဏသီရိမြို့၊နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၈၀

ဦးရာဟာဘီ နှင့် ၁။ ဦးခင်မောင်ဌေး
၂။ ဒေါ်အေးသန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၁၇)၊ (၂)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးခင်မောင်ဌေးနှင့် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၂၅၂)နေ ဒေါ်အေးသန်းတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက Honda Insight ZE2/HATCHBACK(4x2)(R) ကိုယ်ပိုင်ယာဉ်အမှတ် 6I/2852(GRAY) မော်တော်ယာဉ်နှင့် ဗီးတက်အား လက်ရောက်ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၃ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာသီ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

**ရန်ကုန်မြို့၊ ၉/A ၊ မာတင်ရိပ်သာနေ ဦးတင်ထွန်း ၁၂/ဒဂန(နိုင်)၀၁၁၀၅၃ နှင့် ယခုနေရပ်လိပ်စာမသိ အများပြည်သူများသိရှိစေရန် ကြော်ငြာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိတ္ထီလာမြို့၊ အမှတ်(၆၈)၊ ဆိုင်းတန်းရပ်နေ ဒေါ်ရီရီဝင်း ၉/မထလ(နိုင်)၀၄၀၆၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ မြောက်လားသော်-လမ်း၊ အရှေ့လားသော်-မြေကွက်အမှတ်(၁၈)၊ တောင်လားသော်-မြေကွက်အမှတ်(၁၈၈)၊ အနောက်လားသော်-မြေကွက်အမှတ် (၁၈၂)၊ ယင်းအလားလေးရပ်အတွင်းရှိ မြေကွက်အမှတ် (၁၈၃)၊ ဧရိယာ ၀ ဒသမ ၀၈၀ဧကေ မြေကွက်သည် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၄-၂-၁၉၉၁ ရက်စွဲပါ မြေဂရန်အမှုတွဲအမှတ်-၇၃/၁၉၉၀-၁၉၉၁ အရ အထက်ပါ ဦးတင်ထွန်း၏ ဂရန်အမည်ပေါက်မြေကွက်ကို ၂၁-၆-၂၀၀၇ရက်တွင် ပိုင်ရှင် ဦးတင်ထွန်းမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီဝင်းတို့ နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ပြီးနောက် လက်ခံလက်ရောက်ရရှိခဲ့သော်လည်း တရားဝင်မှတ်ပုံတင် အရောင်း/အဝယ်စာချုပ် ချုပ်ဆိုရန်လိုအပ်လာပါသဖြင့် ရောင်းချသူ ဦးတင်ထွန်းသည် ဤနို့တစ်စာရရှိပြီးနောက် လာရောက်ချုပ်ဆိုပေးပါရန်နှင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤနို့တစ်စာပါရှိပြီးနောက် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ရောင်းချသူ ဦးတင်ထွန်းအနေဖြင့် လာရောက်ချုပ်ဆိုပေးရန်နှင့် ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာ၊ ရုံးဌာနများတွင် တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ရီရီဝင်း**
**၉/မထလ(နိုင်)၀၄၀၆၆၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွှန့်ညွှန့်ဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၇၆၄/၁၂-၇-၁၉၉၉)**
**အောင်ဇေယျာရပ်၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၃၃၈၃၀၇၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း ၂၊ မြေကွက်အမှတ် (၅၅-ဒီ)၊ ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ ဦးမြင့်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးကျော်ဆန်းဦး(ဘီလစ်) ၉/တကန(နိုင်)၁၀၃၉၂၄ မှ နှစ်(၃၀)မြေငှားစာချုပ်၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးအမှုအမှတ် (၁၃/၂၀၂၀)၊ တရားမဇာရီအမှုအမှတ် (၁၅/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးကျော်အောင် ၉/ရမသ(နိုင်)၀၀၆၉၇၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၂၀/၄၅သံတင်းရပ်ကွက်၊ ပေါ်တော်မူလမ်း၊ အမှတ်(၅၇၇)ဟုခေါ်တွင်သော အလျားပေ(၆၀)၊ အနံပေ(၄၀)ရှိ မြေကွက်ကို ဦးမြင့်ဆွေ ၁၂/မဂဒ(နိုင်) ၁၅၇၁၁၈ ထံမှ ကျွန်တော် ဦးဇော်လှိုင်ဦး ၁၁/မဥန(နိုင်)၀၈၃၀၆၈ က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်ဝယ်ယူမှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုကို အခြေပြုပြီး ကန့်ကွက်ရန်ရှိသူမည်သူမဆို တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများပြသ၍ လူကိုယ်တိုင် ကျွန်တော့်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဇော်လှိုင်ဦး**
**ဖုန်း-၀၉-၄၂၀၀၅၃၈၃၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ခင်ရွှေ ၁၁/ကဖန(နိုင်)၁၀၅၈၆၂ ၏ နိုင်ငံကူး လက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၄၅၀၀၀၁၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လုံးဖြူ ၁၁/ရသတ(နိုင်)၀၆၈၈၈၇ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် မခင်စိုးရီ ၁၁/မပတ(နိုင်)၀၉၁၈၈၇ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7432 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/1728 Yutong Bus (6x2) ယာဉ်လက်ဝယ်ရှိသူ ဦးခွန်တင်အောင် ၁၃/ပလန(နိုင်) ၀၃၉၂၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်နေ ဒေါ်စိုးစိုးခိုင် ၉/မခန(နိုင်)၀၆၇၄၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၂၇/ခ)မြင်းခြံ၊ ဦးပိုင်အမှတ်(၄-က)၊ ဧရိယာ (၀ ဒသမ ၀၉၃) ဧကရှိ ကွယ်လွန်သူ ဦးတင်မြင့် အမည်ပေါက် ဘိုးဘပိုင်ဝိုင်း မြေကွက်အား ဦးတင်မြင့်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်စိုးစိုးခိုင်အမည်သို့ ပြောင်းလဲရန် လျှောက်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ ရက်ပေါင်း(၂၀)အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်စိုးစိုးခိုင်၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး(B.A,H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၉၆၂၄)**
**အမှတ်-၁(တိုးချဲ့)၊ မြင်းခြံမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
### သာကေတမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

ဒေါ်အေးအေးမာ နှင့် ဦးတင့်လွင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးနိုင်လင်း)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၉၇၀/က)တွင်နေထိုင်သူ ဦးတင့်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် ဤရုံးတော်၌ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့တွင် ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီဟငြိမ်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း အဆင့်၊ တိုက်အမှတ် (ဘီ-၃)၊ အခန်းအမှတ်(၇၁၇)၊ Type (E-2) Area (၁၇၇၅) Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရန်နိုင်စိုး ၁၂/ရကန(နိုင်)၀၆၁၅၈၂ ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေပြီး ဖြစ်ပါသည်။ ယခုအခါ သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းကိစ္စပြုလုပ်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဆက် - ဒေါ်ယမင်းစိုး**
**၁၂/ရကန (နိုင်) ၀၅၇၃၁၁၊ ၁၂/တမန(နိုင်)၀၇၉၅၀၅**
**ဖုန်း-၀၉-၅၁၀၇၆၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၉/၅က၊ တာပူ)၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ ၀ ဒသမ ၂၃၅ ဧကရှိမြေကွက်သည် ဦးဇော်တောင်-ဒေါ်လွမ်းနန်းအမည်ဖြင့် ၃၀-၇-၂၀၄၈ ရက်အထိ မြေငှားဂရန် အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ဦးပိုင်(၂/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၄၃ ဧကအပိုင်းကို ဦးကျော်မိုး ထံသို့ ၂၀-၁-၂၀၂၁ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၂၀/၂၀၂၁)ဖြင့် တရားဝင် ရောင်းချခဲ့ပြီး ကျန်ရှိသည့် ဦးပိုင်(၂/က)၊ မြေဧရိယာ ၀ ဒသမ ၁၉၂ ဧကအပိုင်းကို ဦးဇော်တောင် ၁/မကန(နိုင်)၁၁၈၆၇၆၊ ဒေါ်လွမ်းနန်း ၁/မကန(နိုင်)၀၉၂၁၆၅ တို့(၂)ဦးအမည်ဖြင့် ဧရိယာလျော့ဦးပိုင်ခွဲ မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ကွင်းအမှတ်(၁၃/၁ခ၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၁၁၁)၊ မြေဧရိယာ၀ဒသမ ၁၁၅ ဧကရှိမြေကွက်သည်မူလက ဦးလဂျုံနော်အောန်အမည်ဖြင့် ၃၀-၆-၂၀၂၀ရက် အထိ မြေငှားဂရန် အမည်ပေါက်သောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးနော်အောန်(ခ)လဂျုံနော်အောန်ထံမှ ဒေါ်လဘန်ခေါန်ဒင့် က၁၇-၃-၂၀၂၂ ရက်စွဲပါစာချုပ်မှတ်ပုံတင် အမှတ်(၉၀/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်လဘန်ခေါန်ဒင့် ၁/မကန(နိုင်)၂၂၀၆၀၀အမည်ဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၄၈၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈၄/ခ)၊ မော်လမြိုင်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးကျော်မြင့် (J/RGN-023477) အမည်ပေါက်နှစ်(၆၀)မြေငှား(ဂရန်)မြေအား အမည်ပေါက် ဦးကျော်မြင့်(ဖခင်)နှင့် ဒေါ်တင်သန်း(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်နီနီဝင်း ၁၂/ဗဟန(နိုင်)၀၁၆၂၂၁၊ ဒေါ်ခင်ဇာသတ် ၁၂/ဒဂမ(နိုင်)၀၀၁၁၅၅၊ ဒေါ်ဟန်မျိုးဝင်း ၁၂/ဒဂရ(နိုင်)၀၀၃၀၈၇တို့၏ GPရသူ ဦးကျော်လင်းထက် ၁၂/ဥကတ(နိုင်) ၁၇၂၃၄ မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ကတ်မူရင်း၊ မိခင်ဖခင်တို့၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ GP အမှတ် ၄၇၇၃(၂၉-၆-၂၀၂၁)၊ ပါဝါကျမ်းကျိန်နှင့်ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် RC နှစ်ထပ် ၁လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ GPရသူ ဦးကျော်လင်းထက် ၁၂/ဥကတ(နိုင်)၁၇၂၃၄မှ ပိုင်ဆိုင်အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း-(၁၃) ရပ်ကွက်၊ ယသဝတီ (၁၇)လမ်း၊ အမှတ်- (၁၁၀၄ / ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်းပေ(၁၀x၆၀) ရှိ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးမြင့်ဆွေ ၉/ညဥန(နိုင်)၁၃၀၆၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင် ၁၂/ဥကတ(နိုင်)၁၈၇၂၉၆ ကဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သီဂီအေး (စဉ် - ၁၄၈၁၉)**
**(LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဟန်ဇော်ဝင်း ၁၂/ဒပန(နိုင်)၀၄၇၂၂၆ ပိုင်ဆိုင်သည့် Model 2006 NISSAN Atlas 7H/5946 ယာဉ်အား ကျွန်မ စောသန္တာကျော် ၁၂/ဥကတ(နိုင်)၁၈၁၅၀၄ က အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။

အဆိုပါယာဉ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေခံ စာရွက်စာတမ်းများနှင့်အတူ ကျွန်မထံ ခုနစ်ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**စောသန္တာကျော်**

**ဖုန်း-၀၉-၄၀၁၅၄၅၈၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
### ပျဉ်းမနားခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁၈၆)

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ပျဉ်းမနားဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်) (၎င်း၏ကိုယ်စား မန်နေဂျာ ဒေါ်ပပသုသွယ်)

နှင့်

၁။ ဦးအောင်သူ
၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက်(ခ)ဆန္ဒဘုန်းပြည့်မြန်မာဂရုအော့ဖ် ကုမ္ပဏီလီမိတက်
၃။ ဦးပြည့်လင်းအောင်

**(တရားလို)** **(တရားပြိုင်များ)**

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မန်ကျည်းကုန်းလမ်း၊ အမှတ် (၁၀/၂၀)နေ ဦးအောင်သူ (ဘ)ဦးချစ် (ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် ပေးသွင်းရန်ကျန်ရှိသောငွေနှင့် ရက်လွန်ကြေးငွေ၊ အတိုးငွေ အပါအဝင် စုစုပေါင်းငွေ ၁၉၁၀၄၃၁၂.၅၀ိ/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်စန်းမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပျဉ်းမနားခရိုင်တရားရုံး**

## BLANTENO အမည်တံဆိပ်အမှတ်အသားအား သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေခြင်းနှင့် ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊ စံပယ်လမ်း၊ တိုက်အမှတ်-၁၆၊ အခန်းအမှတ်-၁/၂ တွင် ဖွင့်လှစ်လုပ်ကိုင်သည့် SEVEN COLOUR ကုမ္ပဏီမှ ကိုယ်ပိုင်ဉာဏ်ဖြင့်တီထွင်ခဲ့သည့် BLANTENO အမည်တံဆိပ်အမှတ်အသားအား SEVEN COLOUR ကုမ္ပဏီမှ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချမည့် အမျိုးသမီးဝတ်၊ ပိုးပြောင်အထည်အလိပ်ပိတ်စ၏ တံဆိပ်အမည်အမှတ်အသားအဖြစ် အသုံးပြုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် SEVEN COLOUR ကုမ္ပဏီ၏မူပိုင်တံဆိပ်အမှတ်အသားအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း မြွက်ဟကြေညာစာချုပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁-၁၀-၂၀၁၉ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၆၃၇၇/ ၂၀၁၉ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်သည့်အပြင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ-၉၃၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မူပိုင်ခွင့်လျှောက်ထားဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် ၃-၁၁-၂၀၁၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် BLANTENO အမည်တံဆိပ်အမှတ်အသားအား SEVEN COLOUR ကုမ္ပဏီ၏မူပိုင်ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အထည်အလိပ်ဈေးကွက်၌ အမျိုးသမီးဝတ်ပိုးပြောင်ပိတ်စများကို Online နှင့် ပြင်ပဈေးကွက်တို့တွင် BLANTENO အမည်တံဆိပ် အမှတ်အသားအား သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲ၍ ကြေညာရောင်းချလျက်ရှိကြောင်း တွေ့မြင်သိရှိနေရပါသည်။

အထက်ပါကဲ့သို့ SEVEN COLOUR ကုမ္ပဏီ၏ မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိသော BLANTENO အမည်တံဆိပ်အမှတ်အသားကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ အမျိုးသမီးဝတ်အထည်အလိပ်ပိတ်စ၏ အမည်တံဆိပ်အမှတ်အသားအဖြစ် တုပကြေညာအသုံးပြုရောင်းဝယ်ခြင်းအား ယနေ့မှစ၍ ပြုလုပ်သုံးစွဲခြင်းမပြုပါရန်နှင့် BLANTENO အမည်တံဆိပ် အမှတ်အသားကို ဆင်တူယိုးမှား၊ သံတူကြောင်းကွဲတုပပြုလုပ်အသုံးပြုကြောင်း တွေ့မြင်ကြားသိရပါက တုပပြုလုပ်သုံးစွဲသူများအပေါ် ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **SEVEN COLOUR CO.,LTD** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **တိုက်အမှတ်-၁၆၊ အခန်းအမှတ်-၁/၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **စံပယ်လမ်း၊ ယုဇနပလာဇာ၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **မင်္ဂလာတောင်ညွန့်မြို့နယ်** | **(၅)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၂၀၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်နွဲ့မြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးသန်းနိုင် ၉/ပဘန(နိုင်)၀၉၆၁၆၉မှ မြေငှားစာချုပ်၊ အရောင်းအဝယ်စာချုပ်အမှတ်(၅/၂၀၀၉)၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ်အမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေမပါ ဂိုဒေါင်နှင့်စက်များရောင်းမည်

ပေ၅၀xပေ၁၀၀ စီရှိသော ပျဉ်းကတိုးနှင့်တည်ဆောက်ထားသည့် သွပ်ဂိုဒေါင်သုံးလုံးတွဲ၊ ၃၅ပေx၄၇ပေ စပါးခွံသွပ်ဂိုဒေါင်တစ်ခု၊ ပေ၂၀x၂၁ပေ နံကပ် မီးစက်ခန်း တစ်ခု၊ ၁၀ပေx၁၅ပေ စပါးခွံ ပေါင်းဖိုထဲ့နံကပ် တစ်ခု၊ ပျဉ်ထောင် နှစ်ထပ်အိမ်လေးတစ်လုံး၊ ငါးပုံ ၆လုံးပါတန် ၅၀ကျ ကုလားပဲခြမ်းခွဲစက်တစ်စုံ၊ မလေးရှားမှမှာယူထားသော တန်၆၀ ကျဆန်စက်တစ်စုံ၊ ဆန်ကွဲဖယ်စက် ၂လုံး၊ ဆန်မှ စပါးလုံးဖယ်စက် Color Sorter တစ်စုံ၊ ပဲသန့်စင်စက် ၂စုံ၊ စပါးခွံဓာတ်ငွေ့သုံးအပူပေးစက် ၄ခု၊ စပါးခွံဓာတ်ငွေ့ထုတ်ပေါင်းဖိုကြီး ၂စုံ၊ ဖော်ပြပါ အဆောက်အအုံများနှင့်စက်များကိုမြေမပါ သိန်း ၃၀၀၀ကျပ်နှင့် ရောင်းမည်။ ကိုယ့်စားစရိတ်နှင့်ကိုယ် အားလုံးဖြုတ်ယူရမည်။

**ဖုန်း-၀၉-၅၀၁၃၂၂၈**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ စောမွန်လှလမ်း၊ မြေကွက်အမှတ်(၁၉၀၀)(က)၊ (အလျားပေ၂၀ x အနံပေ၆၀) အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်စမ်း တီဒီအိုင် ၀၆၁၂၂၉ အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းတင် ၁၂/လကန(နိုင်)၀၀၈၁၁၁မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိချိုသဲ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၁၄/၂၁-၁၂-၂၀၂၀)**
**အမှတ်(၄၆၄)၊ ခတ္တာလမ်း၊ ၁၉ရပ်ကွက်၊**
**ရွှေပြည်သာ၊ ဖုန်း-၀၉-၄၂၁၇၄၀၅၆၅**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွှန့်ညွှန့်ဝေ (Iris Chit)
### အသက် (၈၂) နှစ်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန့်စင်လေး+ဒေါ်သင်းသင်းဝေတို့၏ မိခင် ဒေါ်ညွှန့်ညွှန့်ဝေ အသက် (၈၂) နှစ်သည် ၁၅-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဥက္ကဋ္ဌ**
**အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်ကောင်စီဝင်များ**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

## ဒေါ်မာမာထွန်း
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၄၄၊ ဖလွှာ(A)နေ [ဗိုလ်ကြီး ထွန်းလင်း(ငြိမ်း)-ဒေါ်ခင်မြင့်]တို့၏ သမီးကြီး၊ [ဦးမြင့်ရွှေ(Bosun)]၏ဇနီး၊ (ဦးဇော်ဝင်းထွန်း)-ဒေါ်အေးအေးဝင်း၊ (ဦးချစ်ညီး(ခ)ဦးချစ်)-ဒေါ်မေကြည် တို့၏အစ်မကြီး၊ ဦးရည်မွန်ထွန်း၊ ဦးဇော်မင်းထွန်း၊ ဦးဇော်ဇော်အောင်၊ ဦးရဲထွန်းနိုင်တို့၏ မိခင်ကြီး၊ ဒေါ်သဥ္ဇာမြင့်ကြိုင်၊ ဒေါ်နိုင်နိုင်မော်၊ ဒေါ်ကြည်ကြည်ဟန်၊ ဒေါ်ကျော့ကျော့ခိုင်တို့၏ ယောက္ခမ၊ မောင်ရဲထွဋ်၊ မောင်ခန့်ဇေယျာ၊ မမိုးထက်နေခြည်၊ မောင်ခန့်တည်ကြည်၊ မောင်နိုင်မင်းဟိန်း၊ မခြူးခြူးတို့၏ အဘွားသည် ၁၆-၁၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပြီဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဇေယျ
### (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၇၉၅)
### အသက်(၃၇)နှစ်

စစ်တွေခရိုင်ရှေ့နေများအသင်းမှ အသင်းဝင်ရှေ့နေ ဦးကျော်ဇေယျ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၇၉၅)၊ အသက် (၃၇)နှစ်သည် ၁၃-၁၂-၂၀၂၂ရက် (အင်္ဂါနေ့) ည ၁၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တွေခရိုင်ရှေ့နေများအသင်း စစ်တွေမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/1253 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်အမှတ် (၃)၊ ဇလောလမ်း၊ ဆိုင်ခန်းအမှတ် (C-115)၊ ဆိုင်ခန်းသည် ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ထွေး ၁၂/ပဇတ(နိုင်)၀၁၇၂၃၇ အမည်ပေါက်ပိုင်ဆိုင်သော ဆိုင်ခန်းဖြစ်ပါသည်။ အဆိုပါဆိုင်ခန်း၏ ပါမစ်၊ ငွေသွင်းပြေစာမှတ်ပုံတင်စာအုပ်တို့မှာ အိမ်အပြောင်းအရွှေ့ ပြုလုပ်ရင်း ပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက် ဦးမြင့်ထွေး သိရှိခြင်းမရှိဘဲ ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းများ၊ တစ်နည်းနည်းဖြင့် အမည်ပြောင်းခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တွယ်တာလင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၆၅)**
**ဖုန်း-၀၉-၄၀၃၁၃၃၃၂၅**

## ကန့်ကွက်ပါကြောင်းကြိုတင်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ရပ်(၁၀)ဇတ်ရုံးရပ်၊ ဦးပိုင်အမှတ် (၆/က)၊ မြေကွက်အမှတ်(၁၁၄) ခေါ်တွင်သော ဧရိယာ (၀.၀၅၇၂)ဧက၊ အကျယ်အဝန်း (အလျား ၁၂၀ ပေ x အနံ ၃၆ ပေ)ရှိ ဒေါ်ငွေငွေနိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄ပင် x ၆ပင်) RC နှစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ငွေငွေနိုင် ၇/ညလပ(နိုင်)၀၈၀၇၄၀ နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးအောင်မြင့်စိန် ၇/ညလပ(နိုင်)၁၁၄၄၈၃ တို့ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဦးကိုနောင် ၁၂/သဃက(နိုင်)၁၅၄၀၆၇ က အပြီးအပိုင် ဝယ်ယူရန်အတွက် ငွေပေးချေခဲ့ပြီး ကျန်ငွေကို (၁၂-၁-၂၀၂၃)နေ့ နောက်ဆုံးထား၍ ပေးချေရန် နှစ်ဦးနှစ်ဖက် သဘောတူညီစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်အား ရောင်းချသူများမှ အခြားသူများထံ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည်ဖြင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၄၅)**
**တိုက်အမှတ် (B2)၊ အခန်း (၂၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊**
**မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွှန့်ညွှန့်ဝေ
### အသက်(၈၂)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက် ရေကြောင်းဌာနမှ ရေကြောင်းအရာရှိချုပ် Capt: ထိန်လင်းလေး-ဒေါ်မာမာစိုးတို့၏ မိခင် ဒေါ်ညွှန့်ညွှန့်ဝေ အသက်(၈၂)နှစ်သည် ၁၅-၁၂-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

## ဦးအောင်ကျော်ထွေး(ခ)ကိုပေါက်
### အသက် (၅၅)နှစ်

မန္တလေးမြို့နေ (ဒုတိယ ဗိုလ်မှူးကြီး ကျော်လှိုင် - ဒေါ်ခင်ခင်ရီ)တို့၏သားငယ်၊ မန္တလေးမြို့နေ (နတ်မောက် ဦးထွန်းရှိန်-ဒေါ်မြမြ)တို့၏သားသမက်၊ ဒေါ်လွင်မမထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်စင်ဆွေ၊ ဒေါ်လှိုင်လှိုင်ဦး၊ ဦးမင်းဇော်လှိုင်-ဒေါ်စန္ဒာထွေး၊ ဦးအောင်ဇော်လှိုင်-ဒေါ်အေးကြည်ငြိမ်း၊ ဦးထွေးဇော်လှိုင်-ဒေါ်သင်းသင်း တို့၏ညီ၊ မောင်၊ မသုနန္ဒီ ကျော်-မောင်အောင်မြတ်ဇော်၊ မဆုဆန္ဒကျော်-မောင်ဝေဖုန်းဦး၊ မောင်အံ့သုတကျော်တို့၏ မွေးသဖခင်၊ မောင်မင်းသာကီကျော်၊ မေမဒီအောင်မြတ်၊ မောင်ဘုန်းစိုးဆန္ဒတို့၏အဘိုးသည် ၁၆-၁၂-၂၀၂၂ရက် နံနက် ၂: ၄၅ နာရီတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ ရန်ကြီးအောင်(၈)လမ်း၊ အိမ်အမှတ်(၃၃၉) နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်၍လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ (၃၅)လမ်း၊ တိုက်အမှတ် ၁၇၁၊ ဒုတိယထပ်(ညာ) အကျယ်အဝန်း ပေ(၁၄ x ၄၅)ရှိ တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရင်ရင် ၁၂/ကတတ(နိုင်)၀၀၇၁၈၂နှင့် ညီအစ်မများထံမှ ဒေါ်တင်တင်မြင့် ၁၂/ဒဂတ(နိုင်)၀၁၈၆၀၉ က အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အလယ်ရပ်ကွက်နေ(ဘ) ဦးထွန်းမြတ်ကျော်၏သမီး မရွှန်းလဲ့ချို ၅/မရန(နိုင်)၂၁၀၁၁၉ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် မရွှန်းလဲ့ချိုနှင့် ကိုရန်နိုင်စိုး ၇/သနပ(နိုင်)၁၂၁၀၅၅ (ဘ) ဦးစိုးချစ်တို့မှာ လွန်ခဲ့သော ၂၀၁၂ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးထမ်းနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ မောင်ခန့်ဓနနိုင်ဆိုသည့် သားတစ်ဦး ထွန်းကားခဲ့ပါသည်။ . ကိုရန်နိုင်စိုးသည် ၎င်းဇာတိမြို့ဖြစ်သော ပဲခူးမြို့နှင့် မုံရွာမြို့သို့ သွားချည်ပြန်လှည့် အလုပ်လုပ်ကိုင်သူဖြစ်ပါသည်။ လွန်ခဲ့သော ၂၀၁၆ ခုနှစ်တွင် ကိုရန်နိုင်စိုးမှာ အိမ်ထောင်ရေးဖောက်ပြန်ကာ နောက်အိမ်ထောင်ဖြင့် ရန်ကုန်မြို့၌ ပေါင်းသင်းနေထိုင်ကြောင်း ကြားသိရ၍ ကျွန်ုပ်အမှုသည် မရွှန်းလဲ့ချိုနှင့် ပြဿနာဖြစ်ပွားရာ ထို့နောက်ပိုင်းမှစ၍ ဇနီးဖြစ်သူ မရွှန်းလဲ့ချိုနှင့် သားဖြစ်သူ မောင်ခန့်ဓနနိုင်တို့ထံသို့ လာရောက်ခြင်း၊ လုပ်ကိုင်ကျွေးမွေးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း (လုံးဝ) ပြုလုပ်ခဲ့ခြင်း မရှိတော့ပါ။ ထိုကဲ့သို့ လုံးဝအဆက်အသွယ်အထောက်အပံ့ တစ်စုံတစ်ရာ ပြုလုပ်ခြင်း မရှိတော့သည်မှာ (၃)နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည် မရွှန်းလဲ့ချိုမှ ကိုရန်နိုင်စိုးအား ခင်ပွန်းအဖြစ် သတ်မှတ်ခြင်းမရှိတော့ကြောင်း၊ ပြန်လည်လက်ခံရန် အကြောင်းမရှိကြောင်းနှင့် လင်ခန်း မယားခန်း ရပ်စဲပြတ်တောက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းအပြင် ကိုရန်နိုင်စိုးနှင့်ပတ်သက်သော ကိစ္စအဝဝ တို့သည် ကျွန်ုပ်အမှုသည် မရွှန်းလဲ့ချိုနှင့် လုံးဝသက်ဆိုင်ပတ်သက်ခြင်း မရှိတော့ကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးသော်တာဦး**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၅၀၀/၁၂**
**သီတာလမ်း၊ မြဝတီရပ်ကွက်၊ မုံရွာမြို့။**

## သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ခင်မြ၏သမီး၊ မစိုးမြနိုင်လင်း ၁၂/ဥကတ(နိုင်) ၁၇၈၆၀၅သည် မိခင်အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ)တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင် ဒေါ်ခင်မြ**

# ကျေးဇူးတင်လွှာ

ဓမ္မစေတီ၊ ဘုရား၊ ကျောင်း၊ ရဟန်း၊ သိမ်၊ ဒါယိကာမ သာသနာ့မိခင်ကြီး၊ အဘွား ဒေါ်ရီရီအုန်း နာမကျန်းဖြစ်နေစဉ် ဂရုတစိုက် ဆေးကုသပေးကြပါသော နှလုံးအထူးကုသမားတော်ကြီး ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်နွယ်နွယ်၊ ဆီးနှင့်ကျောက်ကပ် အထူးကုသမားတော်ကြီး ဒေါက်တာကျော်စွာထက်၊ သုခကမ္ဘာဆေးရုံကြီး၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန့်ဇင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်မေသွင် နှင့် ဆရာဝန်များ၊ ဆရာ/ဆရာမများ၊ အုပ်ချုပ်ရေး ဝန်ထမ်းများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မိခင်ကြီးနာရေးအတွက် အားပေးစကားပြောကြားပေးပါသော အကြီးအကဲများ အားလည်းကောင်း၊ နာမကျန်းဖြစ်နေစဉ်နှင့် နောက်ဆုံးခရီးအထိတိုင်အောင် အစစအရာရာ အဆင်ပြေချောမွေ့စေရန် တရားဒေသနာတော်များ ချီးမြှင့်ပေးပါသော ဆရာတော်များ၊ သံဃာတော်များ၊ လိုက်ပါပို့ဆောင်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ မြို့တော်ဝန်နှင့် ဝန်ကြီးများအပါအဝင် စိတ်ရောကိုယ်ပါ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် စက်မှုဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းမိသားစုများ၊ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော် လည်းကောင်း၊ သတင်းမေးမြန်းသူများ၊ ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်းများ ပို့ဆောင် ပေးကြပါသော မိတ်ဆွေများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်မိရပ်ဖမိတ်ဆွေများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**အထူးကျေးဇူးတင်ရှိမှုများစွာဖြင့်**
**ကျန်ရစ်သူမိသားစု**

အလွှာတ်အမိန့်တော်ခံယူခြင်း
## ဦးရဲမြင့် (ခ)အဘတ်(စ်)
### အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၉၆၆)နေ၊ (ဒေါ်သိန်းကြည်(ခ)ရရှုရ်ဘီ)၏ခင်ပွန်း၊ (ဦးချစ်ဦး+ဒေါ်ကြည်ကြည်မြင့်)၊ (ဦးလှမြင့်)+ဒေါ်ကြည်ကြည်ဝင်း၊ (ဦးကျော်ဝင်း)+ဒေါ်လှလှဝင်း၊ ဦးမန်းနီး+ဒေါ်ခင်မေအေး၊ (ဦးကျော်မင်း)၊ ဦးရဲအောင် +ဒေါ်အေးအေးမာ၊ ဦးဝင်းမြင့်+ဒေါ်ဥမ္မာမြင့်၊ ဦးထွန်းထွန်းလင်း+ဒေါ်တင်တင်ခိုင်၊ ဒေါ်နီလာမြင့် ၊ သားသမီး(၉)ယောက်တို့၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသဖခင်၊ မြေး(၂၇)ယောက်တို့၏ အဘိုး ၊ မြစ်(၂၃)ယောက်တို့၏ ဘိုးဘိုး ဦးရဲမြင့်(ခ) အဘတ်(စ်)သည် ၁၂.၁၂.၂၀၂၂ရက် (တနင်္လာနေ့)နံနက်(၅း၀၀)နာရီတွင် အလွှာတ်အမိန့်တော် ခံယူသွားပါသဖြင့် (၁၂.၁၂.၂၀၂၂)တနင်္လာနေ့ ညနေ (၄း၀၀)နာရီ အချိန် တွင် ရေဝေးမွတ်ဆလင် သုသာန်တွင် အဲဗနာ (မြေချ)ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီး၊ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

(၇-၁၂-၂၀၂၂)ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မစိုးရိမ်တောင်၊ ဦးပိုင်အမှတ် (၈/ဈ)၊ ဧရိယာ ၀ ဒသမ ၁၃၂ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့ကို ကျွန်ုပ်မိတ်ဆွေ၏ သားသမီးမြေးတို့က ဝယ်ယူသူသို့ တရားဝင်စာချုပ်စာတမ်းတို့ဖြင့် ချုပ်ဆိုကာ ရောင်းချမည်ဖြစ်ကြောင်း ဒေါ်ခင်မြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးစောမြင့်ကို၊ ဦးပြေငြိမ်းတို့၏ ကြေညာချက်အပေါ် ဒေါ်တင်ကြည် ၉/ရမသ(နိုင်)၀၃၅၈၃၈၊ ဦးဇော်ဝင်းအောင် ၉/ရမသ (နိုင်)၀၈၇၆၃၅ ကိုင်ဆောင်သူတို့မှ ကန့်ကွက်ပါကြောင်းနှင့် အဆိုပါ မြေကွက်နှင့် နေအိမ်တို့ကို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လက်ရှိထား အသုံးပြုနေထိုင်လျက်ရှိသောကြောင့် ဒေါ်တင်ကြည်၊ ဦးဇော်ဝင်းအောင်တို့၏ သဘောဆန္ဒမပါဘဲ မည်သူတစ်ဦးတစ်ယောက်မှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ စီမံခန့်ခွဲခြင်းများ လုံးဝမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲလင်းအောင်၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁/၅၆၃)၊ (၂)လမ်း၊ ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားမြို့။**
**ဖုန်း-၀၉-၄၃၀၁၅၅၃၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ နန္ဒဝန်ရပ်နေ ဒေါ်စန်းစန်းဦး ၃/ဘအန(နိုင်)၁၄၂၀၃၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ နန္ဒဝန်ရပ်၊ ကွင်းအမှတ် (၁၄/ နန္ဒဝန်ရပ်)၊ ဦးပိုင်အမှတ် (၁၃)၊ မြေဧရိယာ (၀.၁၁၀)ဧက ရှိ မြေကွက်ကို ပြင်ဦးလွင်မြို့၊ မြို့မြေနေရာချထားရေးနှင့် စီမံခန့်ခွဲရေးကော်မတီ စာအမှတ် (၃၄၈/မြို့မြေကွက်သစ်)အရ ဗိုလ်ကြီးညွှန့်ဦးအမည်ဖြင့် မြေပေးမိန့်ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် သက်ဆိုင်ရာရုံးဌာနများတွင် တရားဝင်အမည်ပေါက်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ဆာဝါးထူး (LL.B) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၆၂၃)၊ ပါရမီလမ်း၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၄၀၂၅၁၀၈၁၈**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မနှင်းသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးလူးသလူး (ခ)ဦးလူးတလူး ၁၂/သခန(ပြု)၀၀၀၂၁၆ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၂-၂၀၂၂ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ဒေါ်သင်းယုဇင် (ဘ)ဦးဆွန်အေး ၁၁/မလမ(နိုင်) ၂၃၃၃၇၇ အစား **၁၀/မလမ(နိုင်) ၂၃၃၃၇၇** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1602 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၁၀/မလမ(နိုင်)၂၄၄၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်...**

❖ **ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြ...**

❖ **ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၆

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ U-25 ဘောလုံးပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ U-25 (အမျိုးသား) ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၊(၃)နှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ B တို့၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃) ၌ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက

*စာမျက်နှာ ၇ ကော်လံ ၁* ○



### ယနေ့ သတင်းအညွှန်း

**မလေးရှားနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားပြီး ၁၆ ဦးထက်မနည်း သေဆုံး**



နိုင်ငံတကာသတင်း စာ ၁၃



အားကစားသတင်း စာ ၂၀

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ AFF Cup ပြိုင်ပွဲ ဒီဇင်ဘာ ၂၀ ရက် စတင်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ AFF Cup ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံ မရွေးချယ်ဘဲ အိမ်ကွင်း၊ အဝေးကွင်း ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုပွဲများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်

*စာမျက်နှာ ၂၂ ကော်လံ ၁* ◆



ဒီဇင်ဘာ ၁၁ ရက်က မြန်မာနှင့် ထိုင်းအသင်း ခြေစမ်းကစားစဉ်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန "မြန်မာနိုင်ငံ၏ ပထမဆုံးသော ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်လုပ်ငန်းများဆောင်ရွက်နေစဉ် ဓာတ်အားစနစ်အတွင်း ဝန်အားလျှော့နည်းနေမည့် အခြေအနေအား အများပြည်သူသို့ ကြိုတင်အသိပေးပန်ကြားခြင်း"**

ပြည်တွင်းသတင်း စာ ၂၃